ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက် စနေနေ့။ Saturday, 23 May 2026 ၁၂၁၈၇

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် "ကျောင်းအပ်နှံရေးသီတင်းပတ်" အတွင်း ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သီရိရတနာခန်းမနှင့် စာသင်ခန်းများတွင် "ကျောင်းအပ်နှံရေးသီတင်းပတ်"အတွင်း ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး စနစ်တကျစီမံထားရှိမှု၊ အခမဲ့ထောက်ပံ့ပေးသွားမည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်နှင့် အသစ်ဖွင့်လှစ်မည့် ဖူဆယ်ကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရန်နှင့် စာကြည့်တိုက်တွင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ

ပွင့်သောပန်းတိုင်း လန်းဆန်းဝေစည် အားလုံးစုံစုံညီညီ ပညာသင်ကြားမည်
ဆောင်းပါး စာမျက်နှာ » ၆



ဆီပဲပုပ် - ဟင်းခတ်မှသည် ဆီဖူလုံရေးဆီသို့
ဆောင်းပါး
စာမျက်နှာ » ၁၇

၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းစခန်းပေါင်းစုံ သင်တန်းဆင်းပွဲပြုလုပ်
စာမျက်နှာ » ၉

၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်
စာမျက်နှာ » ၁၁

ကြေးမုံ

# ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု အစွန်းရောက်အခြေအနေသတိပြု

ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက မေလ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့်လေထုဖြစ်စဉ်များအနေဖြင့် အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပေါ်နိုင်သော အခြေအနေရှိနေသည်ဟု ခန့်မှန်းတွက်ချက်ပေးထားသည်။ လက်ရှိအခြေအနေတွင်လည်း မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ၌ အယ်လ်နီညိုသက်ရောက်မှုရှိသည့် ရာသီဥတုမူမမှန်မှုကို ကြုံတွေ့နေရသည်။

နိုင်ငံတကာမိုးလေဝသဌာနများ၏ တိုင်းတာတွက်ချက်လေ့လာမှုများအရ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်တွင် ၂၀၂၆ ခုနှစ် ဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အယ်လ်နီညိုဆိုသည်မှာ အစွန်းရောက်သဘာဝဘေးတစ်ခုဖြစ်ပြီး အလွန်ပူနွေးခြောက်သွေ့သည့် သဘာဝဖြစ်စဉ်တစ်ခုဟု အကြမ်းဖျင်းမှတ်သားနိုင်သည်။ တိတိကျကျဆိုလျှင် တောင်အမေရိကတိုက်၏အနောက်ဘက် ကမ်းရိုးတန်းနိုင်ငံများဖြစ်သည့် အီကွေဒေါနှင့် ပီရူးနိုင်ငံများဆီသို့ ခရစ္စမတ်ကာလတွင် တိုးဝင်လာကြသော ပင်လယ်ရေပူစီးကြောင်းများကို ဒေသခံတံငါသည်များက ခေါ်ဝေါ်ခဲ့ကြသည့် အမည်ဖြစ်သည်။ ယေဘုယျအားဖြင့် အယ်လ်နီညိုသည် ငါးနှစ်မှ ခုနစ်နှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိသော်လည်း နောက်ပိုင်းတွင် နှစ်နှစ်၊ သုံးနှစ်လျှင် တစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ အယ်လ်နီညိုဖြစ်စဉ်သည် အားကောင်းပါကတောင်အမေရိကနိုင်ငံများမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့ဖြစ်ပေါ်တတ်ပြီး ရာသီဥတုဖောက်ပြန်မှု ပြင်းထန်လာတတ်သည်။

၁၉၈၂-၁၉၈၃ ခုနှစ်တွင် လွန်ကဲပြင်းထန်သော ရာသီဥတုဖောက်ပြန်မှု ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာအနှံ့စိုးရိမ်ပူပန်မှုများ၊ ဘေးဒုက္ခကျရောက်မှုများ ကြုံတွေ့ခဲ့ရသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်ကာလအတွင်းကို ပူပြင်းခြောက်သွေ့သောကာလအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ထပ်မံဖြစ်ပေါ်ခဲ့သည့် အယ်လ်နီညိုသည် အဆိုးရွားဆုံး၊ အပြင်းထန်ဆုံးဖြစ်သဖြင့် တစ်ကမ္ဘာလုံးအလူးအလဲ ခံစားကြရသည်။ အဆိုပါအယ်လ်နီညိုကြောင့် အထွေထွေပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိခဲ့သည်။ သေဆုံးသူ ၂၄၀၀၀၊ ဒဏ်ရာရသူ ၅၃၃၀၀၀၊ ရွှေ့ပြောင်းထွက်ခွာသူ ခြောက်သန်း၊ ထိခိုက်သူစုစုပေါင်း ၁၁၁ သန်းနှင့် ထိခိုက်ခဲ့သည့် မြေကေပေါင်း ၅၆ သန်းရှိခဲ့သည်။

၁၉၉၇-၁၉၉၈ ခုနှစ်တွင် ကြုံတွေ့ခဲ့သော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၈ မြို့တွင် အပူချိန်အမြင့်ဆုံး စံချိန်သစ်များတင်ခဲ့သည်။ မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များတင်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွင်းဖြစ်ပေါ်ခဲ့သော အားကောင်းသည့်အယ်လ်နီညိုကြောင့် စံချိန်တင်ပူပြင်းခြောက်သွေ့မှုများ ကြုံတွေ့ခဲ့ရပြီး ၂၀၁၆ ခုနှစ်အတွင်း စံချိန်တင်မီးလောင်ကျွမ်းမှုများ၊ ပူပြင်းခြောက်သွေ့မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ရောဂါဖြစ်ပွားမှုများ၊ သောက်သုံးရေရှားပါးမှုနှင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

၂၀၂၆ ခုနှစ် နွေအကုန် မိုးဦးကျကာလ၌ ပုံမှန်အတိုင်း မိုးရွာသွန်းမှုများ ဖြစ်ပေါ်ရမည်ဖြစ်သော်လည်း မိုးရွာသွန်းမှုပုံမှန်မဟုတ်ဘဲ မိုးရိပ်မိုးလေအခြေအနေနှင့် ပူလောင်ပြင်းပြမှုများကို ခံစားနေကြရသဖြင့် ခန့်မှန်းထားသည့်အတိုင်း အယ်လ်နီညိုဖြစ်စဉ်နှင့်စတင်ကြုံတွေ့နေရပြီဟု ဆိုနိုင်သည်။ ဆက်လက်၍ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် လာမည့်ကာလများတွင် ဆိုးဆိုးရွားရွားကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ များသောအားဖြင့် အပူချိန်လွန်ကဲခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးခေါင်လွန်ခြင်း၊ သောက်သုံးရေပြတ်လပ်ခြင်းများနှင့် ကြုံတွေ့နိုင်သဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ် စတင်ပေါ်ပေါက်နေပြီဖြစ်ရာ ထိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးအနေဖြင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို သတိပြုပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ရာရှိသည်များကို အထူးဆောင်ရွက်ကြရန်လိုမည်ဖြစ်ပါကြောင်း။ ။

## (၂၂-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၆.၄ | ၅၅၇.၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၁၉၄,၁၀၃.၄၂ | ၄,၀၇၂,၄၄၀.၅၁ | ၃၉,၃၂၈,၇၉၇.၂၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ တိရစ္ဆာန်အစာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ ကတ္တရာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃ သန်းကို ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရွှေပြည်သာမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းတွင် မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းတို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်းမှ လက်ထောက်မန်နေဂျာ ဦးသူရိန်မိုးက "သူတစ်ပါးထိခိုက်မှု အာမခံအကြောင်း" နှင့် အမှတ်(၆၅)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဇော်ဇော်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

## ၂၂ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၅,၅၀၀ | ၁၅,၅၀၀ | ၈၈၃ | ၁၃,၄၅၁,၅၀၀ |
| MTSH | ၇,၀၀၀ | ၆,၉၀၀ | ၁,၉၈၁ | ၁၃,၇၇၅,၈၀၀ |
| MCB | ၉,၅၀၀ | ၉,၇၀၀ | ၆၂၀ | ၅,၉၉၀,၀၀၀ |
| FPB | ၄,၈၀၀ | ၄,၈၀၀ | ၁,၂၇၂ | ၆,၁၂၉,၁၀၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၁၁၁ | ၃၅၇,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၄,၂၅၀ | ၇,၄၃၇,၅၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၁၀ | ၃၉,၀၀၀ |
| MAEX | ၄,၄၀၀ | ၄,၄၀၀ | ၉၄၈ | ၄,၁၇၂,၅၀၀ |
| MADPL(PLB) | ၄,၈၀၀ | ၄,၈၀၀ | ၁,၄၀၂ | ၆,၇၂၉,၆၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၅၀၀ | ၁၇၉ | ၆,၉၃၀,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

စာပေဖတ်ရှုလေ့လာသည့် အလေ့အထကောင်းများ ရှိစေရေး ဆောင်ရွက်သွားရန်၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ တာဝန်ချထားမှုနှင့် စာသင်ချိန်ဇယားများ စနစ်တကျရေးဆွဲ ပြင်ဆင်ထားရှိရန်၊ ကာယအချိန်တွင် ကျောင်းသားကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်နှင့် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်၊ မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နှင့် ပူးပေါင်း၍ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်၊ ကျောင်းကြို/ ပို့ယာဉ်များ စနစ်တကျစီစဉ်ထားရှိရန် မှာကြားသည်။

ထို့နောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာ့ဗိမာန်ခန်းမနှင့် စာသင်ခန်းများတွင် ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့ပေးမည့်ပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ပညာ့ဘဏ်စာကြည့်တိုက်နှင့် ကျောင်းဘုရားခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ကိုယ်ကျင့်တရား ကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် ပျိုးထောင်ပေးကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့ပေးမည့် ပစ္စည်းများ စနစ်တကျ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသော လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ် ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျရာကဏ္ဍမှ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရေးကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် အခြေခံပညာ ကျောင်းများကို စတင်ဖွင့်လှစ်သွားမည် ဖြစ်သည်။ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများတွင် အခမဲ့ပညာရေးစနစ် ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် အသစ်ဖွင့်လှစ်မည့် ဖူဆယ်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

★ **ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ကိုယ်ကျင့်တရား ကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပျိုးထောင်ပေးကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



**မုံရွာ မေ ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်လွင်ဦး၊ ဦးမြင့်သိန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထုထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း MEVM မဲပေးစက်များဖြင့် ဆောင်ရွက်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အတွေ့အကြုံ၊ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ ခရိုင်နှင့်မြို့နယ် ကော်မရှင်ရုံးများ၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် နယ်မြေဒေသအခြေအနေအရ အကြောင်းအမျိုးမျိုးကြောင့် မုံရွာမြို့၊ စစ်ကိုင်းမြို့တို့တွင် ရောက်ရှိနေသော ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ ဆက်)

## တိုက်ကြီးမြို့နယ်၌ မှိုစိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်

**တိုက်ကြီး မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း မှိုစိုက်ပျိုးနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်သည်။

**လက်တွေ့ပြသ**

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ငွေနှင်းမှိုနှင့် ကောက်ရိုးမှို စိုက်ပျိုးနည်း၊ ပိုးမွှားရောဂါ ကာကွယ်နည်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ ငွေနှင်းမှိုစိုက်ပျိုးနည်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် “နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ကျောင်းအပ်နှံရေးရက်သတ္တပတ် မြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူခြင်းကို မေ ၂၁ ရက်က မြို့နယ်ပညာရေးမှူးရုံးရှေ့၌ စုပေါင်းဆောင်ရွက်စဉ်။

အာကာ(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Nizhny Novgorod State Technical University သို့ သွားရောက်လေ့လာ၊ မြန်မာပညာတော်သင် ကျောင်းသားများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းက Nizhny Novgorod State Technical University(NNSTU) တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် NNSTU တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ရှိ စာသင်ခန်းများနှင့် လက်တွေ့ခန်းများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် Nizhny Novgorod မြို့၌ ပညာတော်သင်ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ANO Gorky Tech သို့သွားရောက်ပြီး ဒေသတွင်းအိုင်တီကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာသည်။

ANO Gorky Tech သည် အစိုးရမဟုတ်သော အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း(Autonomous Non-Profit Organization-ANO)ဖြစ်ပြီး ဒေသတွင်းအိုင်တီကုမ္ပဏီများကို အကူအညီပေးရန်၊ နည်းပညာကုမ္ပဏီအသစ်များကို မြေတောင်မြှောက်ပေးရန်၊ ဒေသ၏ ဒီဂျစ်တယ်ကဏ္ဍတစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အိုင်တီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၂**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ အရာထမ်း/အမှုထမ်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဖို့၊ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့ (Acting Locally for Global Impact)"ဟူသည့် ဆောင်ပုဒ်အရ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် မိမိတို့ရပ်ရွာဒေသမှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်သောချဉ်းကပ်မှုဖြင့် အခြေပြု စတင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၅ ခုနှစ်မှစ၍ ပါဝင်ခဲ့ပြီး မြန်မာ့ဒေသရင်း အပင်မျိုးစိတ် ၈၆၄ မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ်ကိုးမျိုး၊ ငှက်မျိုးစိတ် ၁၀ မျိုးနှင့် တွားသွားသတ္တဝါ မျိုးစိတ် ၂၀ မျိုး တို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခုကို ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် ယူနက်စကိုလူသားနှင့် ဇီဝအဝန်းနယ်မြေ နှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခုနစ်ခု၊ အာဆီယံအမွေအနှစ် ဥယျာဉ် ရှစ်ခုနှင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း ကွန်ရက် ရှစ်ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။



ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ် ထိန်းသိမ်းခြင်းကို လက်တွေ့နေ့စဉ်လုပ်ဆောင်ချက်များမှတစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့် စသည်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အကြောင်းအရင်းများကို လျှော့ချဆောင်ရွက်ခြင်း မပြုလုပ်ပါက လာမည့် ဆယ်စုနှစ်များအတွင်း မျိုးစိတ်ပေါင်း တစ်သန်းခန့် မျိုးသုဉ်းပျောက်ကွယ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်လျှော့ချရေး အတွက်လည်း အလွန်အရေးပါသဖြင့် သစ်တောဂေဟစနစ်များ၏ အရင်းအမြစ်ဖြစ်သော သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများအား တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းသည် လက်ရှိကာလသာမက အနာဂတ်အတွက် ကတိကဝတ်အဖြစ် သတ်မှတ်၍ အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်လာစေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video clip ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၅) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၅) ရဲသီဟတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်စိုးလှိုင်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးပြီး အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အိအိဖြိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မင်းခန့်လွင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အိအိဖြိုး၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အိန္ဒြေသူ၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်မျိုးအောင် တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်စိုးလှိုင်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၅) ရဲသီဟတပ်ခွဲတွင် တပ်ဖွဲ့တွင်းမှ ဘွဲ့ရအမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၃၆၃ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ နွေစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**အုတ်တွင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးရယူဆောင်ရွက်လျက်ရှိသည့် အင်ဒိုင်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ သမဝါယမအသင်းသားတောင်သူ ၉၇ ဦးအနက် အသင်းသားတောင်သူ ဦးကြည်နိုင်၏လယ်မြေတွင် စိုက်ပျိုးထားသော ထိုင်းနံ့ကောက် နွေစပါး ရိတ်သိမ်းမှုကို စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်စေရေးအတွက် ကွင်းဆင်းကြည့်ရှုရာ တစ်ဧကလျှင် ၁၁၄ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တောင်ငူခရိုင်အတွင်း သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ တောင်ကုန်းကျောင်းဓမ္မာရုံ၌ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တောင်ငူမြို့ (၂)ရပ်ကွက်ရှိ “DTH” Speciality Coffee လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ တောင်ငူမြို့နယ် ပတ်တန်း-ထီးလှိုင် ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူးမြို့နယ် ပြည်တော်အေးကျေးရွာရှိ ဥသျှာစိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း၏ ငါးမွေးမြူရေးနှင့်ဒေသကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပဲခူးမြို့နယ် တပ်ကလေးကျေးရွာအုပ်စု တပ်ကလေးမြောက်စုကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်ဦးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

ညောင်ဦး မေ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခြင်းကို မေ ၂၁ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရှင်မိန်ကျေးရွာအတွက် ငွေကျပ် ၁၅ သိန်း၊ ကူရွာကျေးရွာအတွက် ငွေကျပ် ၁၅ သိန်း သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



## ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပဲခူးမြို့နယ် ကင်းပိုင်ကျုံကျေးရွာအုပ်စု ရေကြီးရေနက်ကွင်း လယ်မြေများအား ရေတော်မိုးတော်လယ်မြေအဖြစ် မိုးရာသီအမီ မိုးစပါးစိုက်ပျိုးနိုင်ရေး ကင်းပိုင်ကျုံရိုး အရှည်ပေ ၃၅၀၀ တူးဖော်နေမှုကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ကင်းပိုင်ကျုံ) ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်မည့်မြေနေရာနှင့် ကျောင်းသားနှင့် ကျောင်းဆောင်လိုအပ်ချက်အခြေအနေကို လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး သတ်မှတ်ထားသည့်မြေကေအတိုင်း ပြည့်ဝစွာရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။



ယင်းနောက် ကင်းပိုင်ကျုံကျေးရွာ ကမ်းပြိုမှုကာကွယ်ရေး ရေလွှဲကာတည်ဆောက်မည့် သတ်မှတ်မြေနေရာနှင့်ဦးထောင်ဘိုးရိုးအရှည်ပေ ၄၅၀၀ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်တန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပဲခူးမြို့နယ် ဘုူးလယ်အင်းကျေးရွာအုပ်စု မေတ္တာမြေကုမ္ပဏီလီမိတက်၏ အုပ်ကြွပ်အမိုးပြား လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဇေယျာသီရိမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်

နေပြည်တော် မေ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်း၌ မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် စခန်းတာဝန်ခံ ဒေါ်မိုးသီတာက သင်တန်းသား သင်တန်းသူ ၂၀ အား အခြေခံငါးမွေးမြူရေး၊ မျိုးငါးရွေးချယ်ထိန်းသိမ်းခြင်း၊ အခြေခံဆေးထိုးသားဖောက်ခြင်းတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ကြံခင်းမြို့နယ်၌ တွင်းနက်ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ကြံခင်း မေ ၂၂

ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ရွာသစ်ကုန်းကျေးရွာ၌ တွင်းနက်ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုကို မေ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဦးစီးမှူးက ရွာသစ်ကုန်း ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာရေကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ပြည်သူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက ကျေးလက်နေအိမ်ထောင်စု ၉၆ စုရှိ လူဦးရေ ၂၄၇ ဦးအတွက် အထောက်အကူပြုသည့် ကျန်းမာသန့်ရှင်းသော သောက်သုံးရေရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

## သဲကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း အခမ်းအနားကျင်းပ

သဲကုန်း မေ ၂၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးကကြီးမှူး၍ အသက်(၁၀)နှစ်ပြည့်ပြီးသည့် ကိုင်ဆောင်လက်မှတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သဲကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိဦးစောငြိမ်းသောင်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ (၁၀/၁၈)နှစ် ပြည့်ပြီးသူ ဒေသခံပြည်သူ ၃၉၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရေဦးမြို့၌ မူးယစ်ဆေးဝါးမှခင်းကျဆင်းရေးအသိပညာပေးဟောပြော

ရေဦး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်ဝင်းလှိုင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် စိတ်ပိုင်းဆိုင်ရာ ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မိဘနှင့် အမျိုးသမီးငယ်များ ကိုယ့်ကိုယ်ကိုယ် ကြိုတင်ကာကွယ်နိုင်စေရေးအတွက် အသိပညာဗဟုသုတရှိစေရန် ဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသူများအား မူးယစ်ဆေးဝါးအသိပညာပေးစာစောင်နှင့် သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

သန်းသန်း(ရေဦး)

# ပွင့်သောပန်းတိုင်း လန်းဆန်းဝေစည် အားလုံးစုံစုံညီညီ ပညာသင်ကြားမည်

**နွေရာသီကျောင်းပိတ်ရက် သုံးလတာကာလသည် ကျောင်းတော်ကြီးနှင့်ဝေးကွာပြီး ပျင်းရိငြီးငွေ့ဖွယ်ဟု ဆိုနိုင်သည်။ ကျောင်းပိတ်ရာသီ၌ ပျော်ရာပျော်ရာ ဌာနများနှင့် သန်ရာသန်ရာတို့တွင် ကျင်လည်ကြသည်ဆိုသော်လည်း အပေါင်းအသင်းသူငယ်ချင်းများနှင့် တစုတဝေးတည်းပေါင်းစုံရာ စာသင်ကျောင်းများ၏ ပျော်ရွှင်မှုကို လိုက်မမီဟုထင်သည်။**

**မောင်ငြိမ်းအေး**

◇◇◇◇◇◇◇◇◇◇◇◇◇◇

နုပျိုသစ်လွင်နေပြီး အဖူးအငုံပန်းလေးများ အသွင်ဆောင်သည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူလေးများ၏ ကျက်သရေမင်္ဂလာ အဖြာဖြာက ညွှန်းဖွဲ့မကုန်ဖြစ်သည်။ ငယ်ဂုဏ်ဟု ဆိုသည့် နုပျိုသစ်လွင်မှုများနှင့် တက်ကြွလန်းဆန်းနေသည့် မျိုးဆက်သစ်ပန်းကလေးများ အစဉ်လန်းဆန်းနေရအောင် ပျိုးထောင်ကြရမည်မှာ မိဘ၊ ဆရာများ၏ တာဝန်ဖြစ်သည်။ ကျောင်းသား ကျောင်းသူလေးများ ရှင်သန်ပွင့်လန်းဖွံ့ဖြိုးလာအောင် ထိန်းသိမ်းစောင့်ရှောက် မြေတောင်မြှောက်ပေးကြရေးသည် ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်သည်။ ပန်းပင်ပျိုးပင် အဖူးအငုံလေးများနှင့်တူသည့် ကလေးသူငယ်၊ လူငယ်လူရွယ်များ၏ အနာဂတ်တောက်ပြောင်လာအောင်၊ မျှော်လင့်ချက်များ ဝေစည်လာအောင် ပညာသင်ကြားရေးကို အားပေးရမည်ဖြစ်သည်။ ပညာရေးကို မြှင့်တင်ရမည်ဖြစ်သည်။ ပညာအသီးသီး တည်ထွန်းရာဘူမိနက်သန်အောင်မြေသည် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများပင်ဖြစ်သည်။

မေလ နောက်ဆုံးပတ်တွင် ကျောင်းအပ်နှံကြမည်။ ဇွန်လဆန်းတွင် ကိုယ်စီကိုယ်စီ စာသင်ကျောင်းအသီးသီးတွင် ပညာရည်နို့သောက်စို့ကြတော့မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆန္ဒအရင်းခံမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းများအားလုံး ဖွင့်လှစ်စေချင်သည့်ဆန္ဒဖြစ်သည်။ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူလေးများအားလုံး တူတူညီညီ ရယ်ရယ်ပြုံးပြုံး၊ ပျော်ပျော်ရွှင်ရွှင်၊ တစုတရုံး ကျောင်းတက်ကြစေလိုသည်။ သို့သော် အခြေအနေအရ ကျောင်းမဖွင့်နိုင်သည့် ဒေသအချို့လည်းရှိမည်ဖြစ်သည်။ အဖျက်သမားသောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် ကျောင်းမဖွင့်နိုင်သည့် ဒေသများလည်းရှိသည်။ မကြာသောကာလတွင် တစ်နိုင်ငံလုံးရှိ ကျောင်းများအားလုံးဖွင့်လှစ်၍ ကလေးသူငယ်အားလုံး ကျောင်းတက်ခွင့်ရနိုင်တော့မည်ဟု ယုံကြည်ထားသည်။

**ဘက်စုံပညာရေးစနစ်**

လက်ရှိတွင် တည်ငြိမ်အေးချမ်းသော မြို့ရွာများ၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရန် အသင့်ဖြစ်နေကြပြီ။ အကြောင်းအမျိုးမျိုးပြ၍ ပညာရေးကို နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် မညီမမျှဖြစ်နေသည့် အခြေအနေအပေါ် စိတ်မကောင်းဖြစ်ရသည်။ ပညာရေးတွင် အနှောင့်အယှက်များ၊ စိန်ခေါ်မှုများ၊ အခက်အခဲများရှိသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုဘဝလုံခြုံရေး၊ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အလေးထား ဆောင်ရွက်နေသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု အတတ်ပညာရှင်များ ထွန်းကားရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ အခမဲ့ပညာသင်ကြားရေးကို နိုင်ငံအနှံ့တွင် ဖော်ဆောင်နေသည်။

**အလေးထားသတိပြု**

ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပညာရေးကဏ္ဍ အနာဂတ်အတွက် အားတက်ဖွယ်ရာအခြေအနေများကို ကြားသိနေရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဧပြီလ ၁၀ ရက်နေ့က နိုင်ငံတော်သမ္မတ မိန့်ခွန်းပြောကြားခဲ့ရာတွင် **“ပညာရေးမြှင့်တင်ဖို့ဆိုရင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေဖို့နဲ့ ကျောင်းထွက်နှုန်းလျှော့ချစေဖို့၊ ပညာကို ဆုံးခန်းတိုင်သင်ကြားကြစေဖို့ လိုအပ်ပါတယ်။ ပညာနိမ့်ပါးရင် စဉ်းစားတွေးခေါ်မှုနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာလည်း နိမ့်ကျနေမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ အခြေခံပညာကဏ္ဍမှာ KG+9 အဆင့်အထိ အားလုံးသင်ယူနိုင်ကြဖို့ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို မိဘများ၊ ဆရာများအပါအဝင် တာဝန်ရှိသူများနဲ့ နိုင်ငံသားအားလုံးက သဘောပေါက်လက်ခံပြီး အောင်မြင်အောင် ဆောင်ရွက်ကြဖို့”** တိုက်တွန်းပြောကြားချက်က ပညာရေးကဏ္ဍအတွက် အလေးထားသတိပြု လိုက်နာဆောင်ရွက်ရမည့် အရေးကြီးကိစ္စဖြစ်သည်။

> **❝ နိုင်ငံ၏အနာဂတ်က မျှော်လင့်ချက်ရောင်ခြည်များ လင်းလက်နေသည်။ အဓိကကျသည့် ပညာရေးနိမ့်ကျနေမှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်မှန်းချက်ကြီးကြီး ထားရှိဆောင်ရွက်နေသည်။ ယနေ့ ကျောင်းသား ကျောင်းသူ၊ မိဘအုပ်ထိန်းသူ၊ ဆရာ ဆရာမများက တောက်ပလာတော့မည့် ပညာရေးခရီးလမ်းတွင် စဉ်ဆက်မပြတ် ဖြတ်သန်းနိုင်ရန်အတွက် ပညာရေးနှိုးဆော်ချက်တစ်ခုဖြစ်သည့် “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်ပါအတိုင်း ၂၀၂၆-၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် အားလုံး စုံစုံညီညီကျောင်းတက်နိုင်ရေး ဆောင်ရွက်ကြရမည် ❞**

**ပညာရေးကဏ္ဍနိမ့်ကျ**

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ယင်းတို့အနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသော လူဦးရေသည် စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကာ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကိုတွေ့ရသည်။ အလယ်တန်းနှင့် အထက်တန်း ပြီးမြောက်သူများတက်ရောက်ကြသည့် နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာတန်း ပြီးမြောက်သူများသည် တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိသည်။ သုံးသိန်းဆိုသည့် အရေအတွက်က အသက် ၁၅ နှစ်အထက် လူဦးရေ၏ တစ်ရာခိုင်နှုန်းကျော်သာရှိနေသည်ဖြစ်ရာ တိုင်းပြည်အနာဂတ်အတွက် ရင်လေးစရာဖြစ်သည်။ ပညာရေးကဏ္ဍနိမ့်ကျနေသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

ထို့ကြောင့် လေ့လာတွေ့ရှိချက်များအရ လုပ်ကိုင်စားသောက်နိုင်သည့် အခြေအနေဖြစ်အောင် အနည်းဆုံးအနေဖြင့် KG+9 ဟုခေါ်သည့် အလယ်တန်းအဆင့်ပညာရေးကို ပြီးမြောက်အောင် သင်ကြားသင့်သည်။ မိဘအုပ်ထိန်းသူများနှင့် တာဝန်ရှိသူများ၊ လုပ်ကိုင်နိုင်စွမ်းရှိသူ နိုင်ငံသားအားလုံးအနေဖြင့် တိုင်းပြည်နှင့် မျိုးဆက်များ၏ အနာဂတ်ကိုမြော်တွေး၍ ခိုင်မာသည့်ပညာရေးကဏ္ဍတွင် လျှောက်လှမ်းနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်သည်။ အားလုံးစုစည်းညီညွတ်မှုဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရခဲ့သည့် သာဓကများစွာလည်းရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9)ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ကြရေးနှင့် အနာဂတ်ပညာရေးကို ပိုမိုကောင်းမွန်လာစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပါက တိုင်းပြည်အနာဂတ်အတွက် စိတ်အေးဖွယ်ဖြစ်သည်။

**ကျောင်းနေရေးထောက်ကူ**

သုတေသနပြုချက်များအရ ကလေးသူငယ်များအား ကျောင်းထားရန် တွန့်ဆုတ်နေကြသည့် မိဘများကို ပညာတန်ဖိုး နားလည်သဘောပေါက်လာအောင် စည်းရုံးပြီး နိုင်ငံတော်နှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေသည်ကို ယုံကြည်လာအောင် စွမ်းဆောင်ပေးနိုင်ကြပါက မိမိတို့၏ရင်သွေး ကလေးသူငယ်များ ကျောင်းပရဝုဏ်အသီးသီးသို့ စုံစုံညီညီရောက်ရှိလာမည်မှာ သေချာသည်။ နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးနေသကဲ့သို့ အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့် စာအုပ်များကို လိုအပ်သည့် ကျောင်းသားများထံ လွှဲပြောင်းပေးအပ်ခြင်းနှင့် အမှန်တကယ် ကျောင်းနေရန် အခက်အခဲရှိသည့် ချို့တဲ့နွမ်းပါးသူများကို ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိသည့် မိဘများ၏ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက်လျော့ကျစေနိုင်ပြီး ကလေးများကို ကျောင်းထားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကျောင်းသားမိဘများအနေဖြင့်လည်း မိမိသားသမီးများကို အမှန်တကယ် စာတတ်မြောက်စေရန် အရည်အသွေးရှိသည့် ပညာများသင်ကြားမှုကိုလိုလားကြသည်။ ထို့ကြောင့်လည်း ဆရာဆရာမ လုံလောက်ရေး၊ ရရှိထားသည့်ဘွဲ့နှင့် သင်ကြားနေသည့် ဘာသာရပ်ကိုက်ညီရေး၊ ဆရာဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ဆရာဆရာမများ သက်သာချောင်ချိရေး၊ သင်ရိုးညွှန်းတမ်းများမွမ်းမံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးကြရေးတို့သည် အလွန်အရေးကြီးသဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည်။ အလယ်တန်းဆင့်ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးလျက်ရှိသည်။ ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကို အဟန့်အတားဖြစ်စေသည့်အကြောင်းရင်းများကို အဖြေရှာပြီး ဖြေရှင်းပေးကြရမည်ဖြစ်သည်။

**ရင်ပေါင်တန်းလာနိုင်ရေး**

နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ် လူငယ်လူရွယ်အားလုံး ကျောင်းနေနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်သို့ ရောက်သည်အထိ စဉ်ဆက်မပြတ် ပညာသင်နိုင်ရေးဖြစ်သည်။ နိုင်ငံအတွင်း ပညာတတ်သူများ ပေါများလာရေးဖြစ်သည်။ ပေါများကြွယ်ဝသည့် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံကို တည်ဆောက်ကြရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်လာရန် ကြိုးစားကြရမည်ဖြစ်သည်။

**ကျောင်းအပ်နှံကြပါစို့**

နိုင်ငံ၏အနာဂတ်က မျှော်လင့်ချက်ရောင်ခြည်များ လင်းလက်နေသည်။ အဓိကကျသည့် ပညာရေးနိမ့်ကျနေမှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်မှန်းချက်ကြီးကြီး ထားရှိဆောင်ရွက်နေသည်။ ယနေ့ ကျောင်းသား ကျောင်းသူ၊ မိဘအုပ်ထိန်းသူ၊ ဆရာဆရာမများက တောက်ပလာတော့မည့် ပညာရေးခရီးလမ်းတွင် စဉ်ဆက်မပြတ် ဖြတ်သန်းနိုင်ရန်အတွက် ပညာရေးနှိုးဆော်ချက်တစ်ခုဖြစ်သည့် **“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”** ဆောင်ပုဒ်ပါအတိုင်း ၂၀၂၆-၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် အားလုံး စုံစုံညီညီ ကျောင်းတက်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ကလေးငယ်များဘဝရှေ့ရေး၊ နိုင်ငံတော်အနာဂတ် တောက်ပြောင်လာရေးအတွက် လက်ငင်းအရေးကြီးသည့် ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေကလေးတိုင်း စဉ်ဆက်မပြတ် ကျောင်းတက်နိုင်ရေး၊ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး နိုင်ငံတော်၏ ပညာရေးအစီအမံများနှင့်အတူ လိုက်ပါဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပညာရေးဝန်ကြီးဌာန
# “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
# အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဥ္စမတန်း (Grade 5)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း) (ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး လက်ကမ်းစာစောင်ဖြန့်ဝေ

ဘားအံ မေ ၂၂

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် သီရိဈေး၌ ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းအပ်နှံနိုင်ရေး လှုံ့ဆော်သည့် အနေဖြင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည့် မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း ဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်၏ ပညာရေးတိုးတက်စေရေး၊ ထူးချွန်သောလူငယ်များ ပေါ်ထွက်စေရေး၊ ဗလငါးတန်နှင့် ပြည့်စုံပြီး စည်းကမ်းပြည့်ဝသော သားကောင်း၊ သမီးကောင်းများ ပေါ်ထွက်စေရေးအတွက် ကြိုးစားသင်ကြားပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများနှင့် သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဘားအံတက္ကသိုလ်ပါမောက္ခချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများက We Are The World သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ကျောင်းအပ်နှံရေးနေ့ လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၂၂ ရက်တွင် ကျင်းပစဉ်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)





ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် “နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို မေ ၂၁ ရက်က သိပ္ပံလမ်းမ အထကကျောင်းရှေ့၌ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆- ၂၀၂၇ ပညာသင်နှစ် “နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့” ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို မေ ၂၂ ရက်တွင် မြို့နယ် ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်စဉ်။

မွန်မလေး(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သရေခေတ္တရာပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၂

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သော ဘောဘောကြီးစေတီတော်ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ပျူခေတ်သင်္ချိုင်းမြုပ်နှံခဲ့သည့် အထောက်အထားများရှိသည့် အရိုးအိုးကုန်း(တူးဖော်မှုကုန်းအမှတ်-၅၃)နှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သောလေးမျက်နှာဂူဘုရား ပြန်လည်ပြုပြင် ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာသိရှိနိုင်စေရန်၊ ပြည်သူလူထုအား အသိပညာပေးဟောပြောခြင်းနှင့် စာသင်ကျောင်းများတွင် အသိပညာပေး Educated ပြုလုပ်၍ အသိပညာဗဟုသုတများ တိုးတက်အောင် ဆောင်ရွက်စေလိုကြောင်း မှာကြားကာ ရှေးဟောင်းပစ္စည်းများအား သိပ္ပံနည်းကျ သက်တမ်းတွက်ချက်သည့် Thermoluminescence Dating ခေတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်မြို့ အလင်္ကာဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ သရေခေတ္တရာဇုန်မှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ပြည်ဒေသသည် ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့် ဒေသတစ်ခုဖြစ်သည့်အပြင် ယဉ်ကျေးမှုကို အခြေခံသော ခရီးစဉ်ဒေသများစွာရှိသဖြင့် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Media များတွင် ကြော်ငြာ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်နှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းပူးပေါင်း၍ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အစိုးရသစ်လက်ထက် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေး

မော်လမြိုင် မေ ၂၂

အစိုးရသစ်လက်ထက် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်မှာကြားချက်များကို အချိန်တိုကာလအတွင်း ထိထိမိမိအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို တာဝန်ယူမှု တာဝန်ခံမှုရှိစွာ တိုးတက်မှုရလဒ်များပေါ်လွင်အောင်၊ အချိန်မီပြီးစီးအောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်သူ့အတွက် ကြိုးပမ်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း သထုံခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့ဆေးရုံနှင့် ပေါင်မြို့နယ်ရင်ငြိမ်း တိုက်နယ်ဆေးရုံတို့၌ ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ အထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မော်လမြိုင် ဆေးရုံကြီးတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ပေးမည့် အရေးပေါ်ပြင်ပလူနာဌာနအသစ် ဆောက်လုပ်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း(မော်လမြိုင်)အား သူနာပြုသိပ္ပံ အဆင့်မြှင့်တင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာသင်ခန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ လက်တွေ့သင်ကြားရေးခန်းများ (Skill Lab)၊ စာကြည့်တိုက်၊ ထမင်းချက်ခန်း၊ ကွန်ပျူတာဆောင်နှင့် သင်တန်းသူအိပ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဒုတိယဝန်ကြီး ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေး လုပ်ငန်းများ၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်း ကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းက မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်း အဝင်လမ်း လမ်းသစ် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းလုပ်ငန်းခွင် အစည်းအဝေးခန်းမ၌ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ချမှတ်ထားသော



မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး အလေးထားလိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့မှဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်၍ Oriental Highway Co.,Ltd. က ဆောင်ရွက်လျက်ရှိသည့် အနီးစခန်းလေဆိပ်အနီး မန္တလေး-လားရှိုး-မူဆယ် လမ်းအပိုင်း မိုင်(၃၄/၀ - ၃၄/၃) အတွင်း ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူကုန်ကူးခံရသူအမျိုးသမီးနှစ်ဦးအား မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

ဘားအံ မေ ၂၂

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေး နှင့် လူသားလုံခြုံရေးဝန်ကြီးဌာနမှ လက်ခံစောင့်ရှောက်ထားပြီး မြဝတီမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီစောင့်ရှောက်ရေးဂေဟာတွင် ခေတ္တထိန်းသိမ်းထားသော လူကုန်ကူးခံရသူအမျိုးသမီးနှစ်ဦးအား မိဘများထံသို့ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မေ ၂၀ ရက် က ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဘားအံခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယရဲမှူး၊ ဘားအံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လူကုန်ကူးခံရသော ဘားအံမြို့နယ်မှတစ်ဦး၊ လှိုင်းဘွဲမြို့နယ်မှတစ်ဦး စုစုပေါင်း နှစ်ဦးအား ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မိဘအုပ်ထိန်းသူထံသို့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းစခန်းပေါင်းစုံ သင်တန်းဆင်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၂**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များအား နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။



အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)စခန်းပေါင်းစုံ သင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား သင်တန်းသူများနှင့် အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းတို့အား ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ) သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော် သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သား ဘာသာရပ်၊ ရေကြောင်း လမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ် အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေး၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးသည်။

ထို့ပြင် သင်တန်းကာလအတွင်း ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ)နှင့် ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား) တို့ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့ စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ရေးနှင့်အီလက်ထရောနစ်ဆိုင်ရာ စနစ်များ၊ ရေယာဉ် ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်း၊ ရေကြောင်းလူငယ်စခန်းပေါင်းစုံ တွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်ခြင်း၊ ရန်ကုန်မြို့တွင်း ရွှေတိဂုံစေတီတော်ဖူးမြော်ခြင်း၊ နျူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာနှင့် အာကာသပြတိုက်လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ကြီးမှူးပြီး ဧပြီ ၂၇ ရက်မှ စတင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းစခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ဆုများ ပေးအပ် ချီးမြှင့်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသောပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို သင်တန်းစခန်း ၁၈ ခုတွင် သင်တန်းသား ၉၂၈ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ (လက်နက်မဲ့) ဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်း ဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်း ဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)ကို သင်တန်းစခန်းနှစ်ခုတွင် သင်တန်းသား ၁၁၆ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ (လက်နက်ပါ) ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အထွေထွေ ဗဟုသုတ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို ပို့ချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် သင်တန်းသားများအား လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ ဓာတ်သွေးဓာတ်မာန် ဘာသာရပ်၊ စစ်သားဂုဏ်ရည် ဘာသာရပ်၊ တပ်မတော်သမိုင်းနှင့် တပ်မတော် အစဉ်အလာ ဘာသာရပ်တို့ကို သင်ကြားပေးခဲ့ကြောင်းနှင့် လေယာဉ်/ ရဟတ်ယာဉ်များ၏ ပျံသန်းမှု အခြေခံသဘောတရားများကို သိရှိနားလည်စေရန် အတွက် RC လေယာဉ်/ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်းများကို သက်ဆိုင်ရာသင်တန်းစခန်းများအလိုက် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။

၎င်းနောက် နေပြည်တော်ကောင်စီနယ်မြေတွင် စုဖွဲ့ပြီး အခြေခံစစ်ရေးပြ ပြိုင်ပွဲ၊ RC Simulator/ Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲ၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများကျင်းပခြင်းနှင့် ထူးချွန်ဆုရ သင်တန်းသားများအား နည်းပြလေသူရဲများနှင့်အတူ တပ်မတော်(လေ)ရှိ အမောင်းသင် လေယာဉ်/ရဟတ်ယာဉ်များဖြင့် ကိုယ်တိုင်လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် သင်တန်းသားများအား ဒေသန္တရဗဟုသုတများ ရရှိစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ သူရဲကောင်းဗိမာန်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ အာကာသပြတိုက်နှင့် နျူကလီးယား နည်းပညာသတင်းအချက်အလက် စင်တာတို့သို့ လည်းကောင်း လေ့လာရေး ပို့ဆောင်ခြင်းနှင့် စစ်ရေယာဉ်လိုက်ပါစီးနင်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်အောင်မြို့နယ်၌ စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ် RBF စီမံကိန်း ဆောင်ရွက်

**မြန်အောင် မေ ၂၂**

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်ကို အထောက်အကူဖြစ်စေမည့် RBF စီမံကိန်းကို မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည်။

ယင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်း၍ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ စီမံကိန်းဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ ကွန်ကရစ်လမ်းခင်း လုပ်ငန်း ကွင်းဆင်းစစ်ဆေး

**အိမ်မဲ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဝါးရုံစုကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်တို့က ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံ၍ ပြည်သူများ၏တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ အဆိုပါ ကွန်ကရစ်လမ်းမှာ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ လမ်းပြီးစီးပါက အိမ်ထောင်စု ၁၄၂ စု၊ လူဦးရေ ၅၈၉ ဦးတို့အတွက် အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**





## မူဆယ်မြို့ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**မူဆယ် မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ၄၅ ကုန်းလမ်းသွယ်(၃၊ ၈၊ ၉) ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့်တွင် လမ်းသွယ်(၈)မုခ်ဦး၌ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူး ဦးရဲထွဋ်က လမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများက လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါလမ်းကို ကုန်ကျစရိတ် ကျပ်သိန်းသုံးထောင်ကျော်ဖြင့် ယခင် ကျောက်ချောလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အခြေခံပညာမူလတန်း ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးတိုးတက်မှုမြှင့်တင်ရေး သင်တန်းဆင်း



ရန်ကုန် မေ ၂၂

အခြေခံပညာမူလတန်း ဆရာ ဆရာမများအား အင်္ဂလိပ်စာ အရည်အသွေး တိုးတက်မှုမြှင့်တင်ရေး (Main Course) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက် အမှာစကားပြောကြားသည်။

**ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း ဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်းပွဲတွင် ပါဝင်ဖျော်ဖြေပေးခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘုရားကုန်းကျေးရွာတွင် ဆဋ္ဌမအကြိမ်မြောက် ဓမ္မစကူးလ်ယဉ်ကျေးလိမ္မာ သင်တန်းကို ဓမ္မစကူးလ်ဆရာတော်ကြီးများက မေ ၂၀ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးစဉ်။

အိရွှေစင်လတ်

## ထားဝယ်မြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဆင်းပွဲကျင်းပ

ထားဝယ် မေ ၂၂

မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးတို့နှင့်အတူ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ပြီး သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက တို့တာဝန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီ/ ပိုစတာပြိုင်ပွဲကို ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနဝရတ်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားစွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ဘောပင်၊ ပန်းချီရောင်ခြယ် ဆေးဖယောင်းများ၊ လက်ကမ်းစာစောင်များ၊ အာဟာရဖြည့်မုန့်နှင့် စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မော်လမြိုင်ခရိုင်၌ ကျောင်းအပ်နှံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မော်လမြိုင် မေ ၂၂

၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းနေအရွယ် ကလေးအားလုံး ရာနှုန်းပြည့်ကျောင်းအပ်နှံနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို မေ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဖြန့်ဝေရာတွင် မော်လမြိုင်ခရိုင်ပညာရေးမှူး ဒေါက်တာဒေါ်ခင်သူဇာ ဦးဆောင်၍ မော်လမြိုင်မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများက လက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**စည်သူ(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၂

၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (နန့်ပေါင်) နှင့် နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဝင်း အတွင်း / အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ စာသင်ဆောင် အတွင်း/အပြင်သန့်ရှင်းရေး ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။



**ပေါင်းစပ်ညှိနှိုင်း**

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့၌ မူလတန်းပြ ဆရာ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းဆင်း

ပြည် မေ ၂၂

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ၂၀၂၆ ခုနှစ် မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဆင်းပွဲကို မေ ၂၂ ရက် မွန်းလွဲပိုင်းက ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာများကို စာတွေ့/လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်၌ တောင်သူများအား မျိုးစပါးနှင့်သဘာဝမြေဩဇာပေးအပ်ပွဲ ကျင်းပ

ကွမ်းခြံကုန်း မေ ၂၂

တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာနက မိုးစပါးစိုက်ပျိုးမည့်သမဝါယမအသင်းသားတောင်သူများအား မျိုးစပါးနှင့်သဘာဝမြေဩဇာများ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားကို မေ၂၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်လင်းက အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာနဦးစီးအရာရှိဒေါ်စန်းယုမွန်က တောင်သူများအား မျိုးစပါးနှင့် သဘာဝမြေဩဇာ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အသင်း ၁၂ သင်း၊ အသင်းသား ၂၃၀ အတွက် မျိုးစပါးနှင့်သဘာဝမြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

## ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းကို မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် အတွက် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အတွင်းရှိ ကညင်ဆည်တွင် ကညင် ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအား Kanyin Hydro Power Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ထုတ်လုပ်မည့် ဓာတ်အားကို ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေး အတွက် ထူးကြီးမြို့တွင် တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံကို ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် **မေ ၂၃ ရက်(စနေနေ့)နှင့် မေ ၂၄ ရက်(တနင်္ဂနွေနေ့)**တို့တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်အား ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှတစ်ဆင့် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူမြို့၊ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့တို့တွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



ဥတ္တရသီရိမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၂)ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၂)ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာလောင်ကျွမ်းမှုဖြစ်ပွား

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၂)ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ အမှတ်(၁)သည် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၄၂ မိနစ်တွင် ဓာတ်အား ပြတ်တောက်ခဲ့ပြီး လျှပ်စစ် စမ်းသပ်ရေးဆိုင်ရာ စမ်းသပ်ချက်များအရ ထရန်စဖော်မာလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖော်ပြပါ ထရန်စဖော်မာ လောင်ကျွမ်းမှုကို သိလျှင်သိချင်း အဆိုပါ ထရန်စဖော်မာဖြင့် ဓာတ်အား ဖြန့်ဖြူးထားသည့် အစိုးရဌာနရုံးများနှင့် အများပြည်သူဆိုင်ရာ နေရာအချို့အား ယင်းဓာတ်အားခွဲရုံရှိ ကျန်ထရန်စဖော်မာ အမှတ်(၂)ဖြင့် ဝန်အားမျှ၍ လျှပ်စစ်ဓာတ်အား ယာယီပြန်လည်ဖြန့်ဖြူးပေးခဲ့သည်။

### ပုံမှန်အတိုင်း ပြန်လည်ဖြန့်ဖြူးပေးသွားမည်

လောင်ကျွမ်းခဲ့သည့် ထရန်စဖော်မာ အမှတ်(၁)ကို ၂၀၀၃ ခုနှစ်ကတည်းက ထုတ်လုပ်သုံးစွဲခဲ့ပြီး အလေးချိန် ၂၁ တန်ရှိသည်။ အဆိုပါ ထရန်စဖော်မာအား ၁၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် အစားထိုးလဲလှယ်နိုင်ရေးအတွက် တန် ၇၀ ကရိန်းယာဉ်နှင့် ယန္တရားများ အသုံးပြု၍ မေ ၂၁ ရက် ၄ နာရီ မိနစ် ၂၀ မှ စတင်၍ စီစဉ်ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရွှေ့ပြောင်းခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ယနေ့ည ဓာတ်အားသုံးစွဲမှုလျော့ကျသွားသောအချိန်မှစ၍ ပုံမှန်အတိုင်းဓာတ်အားပြန်လည်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့၌ အမှုထမ်းဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်(ကွန်ပျူတာ)သင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင် မေ ၂၂**

မွန်ပြည်နယ် သမဝါယမ ဦးစီးဌာနက ကြီးမှူး၍ ပြည်နယ်၊ မြို့နယ် သမဝါယမဦးစီးဌာနမှ အမှုထမ်း ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ကွန်ပျူတာသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမင်းမြင့်မောင်လေးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မိတ္ထီလာ မေ ၂၂**

မိတ္ထီလာမြို့၌ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်နည်း ဇာတ်တိုက် လေ့ကျင့်မှု သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း၌ လာရောက်ပြသကြသူ ပြည်သူများအား ရေသန့်နှင့် မုန့်များဝေငှ

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့က ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ အထူးကုကွင်းဆင်း အစီအစဉ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ဗဟိုအဆင့်ဆေးရုံကြီး ခြောက်ခုမှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ပြည်သူများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။



အဆိုပါ ဆေးခန်း၌ လာရောက်ပြသကြသူ ပြည်သူများအား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့ဝင်များ၊ သဃ်္ဃန်းကျွန်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရေသန့်နှင့် မုန့်များ ဝေငှခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## သုံးခွမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**သုံးခွ မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် မေ ၂၁ ရက်က တောင်သူပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်လတ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှငွေးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်က မျိုးကောင်းမျိုးသန့်များနှင့် ဒေသနှင့် ကိုက်ညီသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ ဒေါ်မြင့်မြင့်မော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန်းတို့က မြေဆီလွှာဆုံးရှုံးမှုဖြစ်ရခြင်း အကြောင်းနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာများ ပြုပြင်ရန်လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်တင်တင်ဝင်းက မျိုးစေ့ထုတ်စိုက်ခင်းများစိုက်ပျိုးကာ အထွက်နှုန်းပိုမိုကောင်းမွန်တိုးတက်စေရန် လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ သဘာဝမြေဩဇာ စူပါဘိုကာရှီ မြေဆွေးပြုလုပ် သုံးစွဲနည်းကိုသရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## သထုံမြို့နယ်၌ တစ်ရွာနှစ်ဧက ကျေးရွာပိုင်ထင်းစိုက်ခင်း စုပေါင်းစိုက်ပျိုး

**သထုံ မေ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် သစ်တောဦးစီးဌာန၏ မိုးရာသီ တစ်ရွာနှစ်ဧကကျေးရွာပိုင် ထင်းစိုက်ခင်း စုပေါင်းစိုက်ပျိုးခြင်းကို မေ ၂၁ ရက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း မြေနေရာ၌ ပြုလုပ်သည်။



စုပေါင်း စိုက်ပျိုးရာတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ဒုတိယကျောင်းအုပ်ကြီးတို့ထံ ပျိုးပင်များဖြန့်ဝေပေးအပ်ခဲ့ပြီး တက်ရောက်လာသူများက မန်ကျည်းပင်ရှားပျိုးပင် ၂၄၂၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရောဝတီဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံအဆောက်အအုံ (B.O.T) စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူစာချုပ်ချုပ်ဆိုပွဲနှင့် အစေ့ထုတ်ပြောင်းများ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ တင်ပို့ရန် ရှင်းလင်းတင်ပြ

ပုသိမ် မေ ၂၂

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Horizon Telecom International ကုမ္ပဏီလီမိတက်တို့ အကြား ချုပ်ဆိုသော ရောဝတီဆက်သွယ်ရေး ကွန်ရက်ဘုံ အခြေခံအဆောက်အအုံ(AFCI–Port Sharing)အား တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း (B.O.T)စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူစာချုပ် ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသ ကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီမှတာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့နှင့် Horizon Telecom International ကုမ္ပဏီ လီမိတက်တို့မှ တာဝန်ရှိသူများက ရောဝတီ ဆက်သွယ်ရေးကွန်ရက် ဘုံအခြေခံအဆောက်အအုံ (AFCI–Port Sharing) တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း (B.O.T)စနစ်ဖြင့် ဆောင်ရွက်မည့် သဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီးအခြေစိုက် Strategy Win Trading ကုမ္ပဏီနှင့် AEG ကုမ္ပဏီတို့ ပူးပေါင်းပြီး ပုသိမ်စက်မှုဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်း ဆိပ်ကမ်းသို့ ဇွန်လအတွင်း ပြောင်းဆံတန်ချိန် ၁၈၀၀ တိုက်ရိုက်တင်ပို့မည့်အစီအစဉ်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပုသိမ်စက်မှုဆိပ်ကမ်းမှ ဆန်များ တိုက်ရိုက်တင်ပို့ မည့်အခြေအနေ၊ ပြည်ပနိုင်ငံများသို့ ဘဏ္ဍာနှစ်အလိုက် ပြောင်းတင်ပို့မှုအခြေအနေကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# မိုးနဲမြို့နယ်၌ အလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာမြို့နယ်အဆင့်သင်တန်းဖွင့်



မိုးနဲ မေ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၂၀၂၆–၂၀၂၇ ပညာ သင်နှစ် အလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာ ရပ်ဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ပိုင်းက အခြေခံပညာအထက် တန်းကျောင်း ပုလဲဆောင်ခန်းမ တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာ စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နီလာက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြား သည်။

အဆိုပါသင်တန်းကို နည်းပြ သုံးဦးက သင်တန်းသား ၁၇ ဦး အား မေ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မြောင်းမြမြို့၌ မှိုစိုက်ပျိုးနည်း အသိပညာပေးသင်တန်းဖွင့်



မြောင်းမြ မေ ၂၂

ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မှိုစိုက်ပျိုးနည်း အသိပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျုံဝါးကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ဖွင့်လှစ်သင်ကြားပေးသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါက်တာဌေးဌေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်နှင့် ကောက်ရိုးမှို၊ ငွေနှင်းမှိုစိုက်ပျိုးနည်းများအကြောင်းကို ရှင်းလင်း ပြောကြားသည်။ အဆိုပါသင်တန်းတွင် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ စိတ်ပါဝင်စားသူ ၅၀ တို့အား စာတွေ့၊ လက်တွေ့ သင်ကြားခဲ့ကြကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**



# ပခုက္ကူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ပခုက္ကူ မေ ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းဖွင့်ရာသီမတိုင်မီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံ ပညာကျောင်းတာဝန်ခံများနှင့် ဆရာ ဆရာမများပူးပေါင်း၍ ရေတွင်း၊ ရေကန်၊ ရေပုံးများအား ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ဇီးကုန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက်

ဇီးကုန်း မေ ၂၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ပင်စင် စားများအား (အခမဲ့) ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ ဆီးနှင့် ကြက်ဥများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

ဇီးကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများကို သွေးပေါင်ချိန်ခြင်း၊ ဆီးချိုသွေးချိုစစ်ပေးခြင်း၊ သွေးတွင်း အောက်စီဂျင်များစစ်ပေးခြင်း၊ အထွေထွေရောဂါလူနာများအား လိုအပ် သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးခဲ့ကြောင်းနှင့် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆီနှင့်ကြက်ဥ



များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟင်္သာတမြို့တွင် ပြည်သူ့စကားဝိုင်း ကျင်းပ

ဟင်္သာတ မေ ၂၂

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနခန်းမတွင် "မီးခိုးမြူငွေ့အန္တရာယ်လျှော့ချခြင်းနှင့် အပြာရောင်ကောင်းကင်ဆီသို့" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် အစီအစဉ်ညှိနှိုင်း ရေးမှူးအဖြစ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက ပြည်သူ့စကားဝိုင်းအား ဦးဆောင်ဆွေးနွေးရာ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စွာဝင်း က မီးခိုးမြူငွေ့ဖြစ်ပေါ်လာပုံနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာ များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဥက္ကာက မီးခိုးမြူငွေ့ လျှော့ချရန်အတွက် စွန့်ပစ်အမှိုက်များကို မဆင်မခြင်မီးရှို့ခြင်း မပြုလုပ် ဘဲ မီးဘေးအန္တရာယ်မဖြစ်ရလေအောင် ပြည်သူလူထုက လိုက်နာရမည့် အချက်များကို ဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်စလိကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။




ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

# တာချီလိတ်မြို့ ပန်စလိကျေးရွာနှင့် မြဝတီမြို့ မယ်ထော်သလေးကျေးရွာတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင်တရုတ်နိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၇၈၀၀ ခန့်အကွာ လွယ်စတုံကျေးရွာအုပ်စု ပန်စလိကျေးရွာရှိ နေအိမ်အားသတင်းအရ ဝင်ရောက်ရှာဖွေရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၃ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ ၃၂ လုံး၊ စားပွဲအလုံး ၂၀၊ ထိုင်ခုံ ၃၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာသို့အရောက်၌ နှစ်ထပ်တိုက် အဆောက်အအုံ တစ်လုံးအတွင်း၌ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦးအား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ လေးလုံး၊ Monitor ၁၄ လုံး၊ CPU အလုံး ၂၀ နှင့် ဖုန်းမျိုးစုံ ၄၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်စလိကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများကို တွေ့မြင်ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများကို တွေ့မြင်ရစဉ်။

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့် ရရှိသောငွေကြေး အကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၂၂**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့် ရရှိသောငွေကြေးအကျိုးအမြတ်အား ပူးပေါင်းခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးနှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးတို့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ မလုတောင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ မကရင်မ(ခ) မဝင်းဆန်းနှင့် လိပ်စာတူ မခင်သီတာ(ယခုတရုတ်နိုင်ငံနေထိုင်သူ)တို့ သုံးဦးက တရုတ်ဇနီးမယားအဖြစ် တစ်နှစ် ပေါင်းသင်းနေထိုင်ပါက မြန်မာကျပ်ငွေ သိန်း ၁၅၀ ရရှိမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး ရန်ကုန်မှ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်ဖြင့် ပို့ဆောင်ကာ တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်ရန် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်းနှင့် ကြိုတင်ငွေထုတ်ပေးခြင်းများအပြင် တရုတ်အမျိုးသားများထံမှ အမျိုးသမီးများ ခေါ်ယူပေးမှုအတွက် ယွမ် ၂၀၀၀၀ မှ ၁၅၀၀၀၀ အထိ ရယူဆောင်ရွက်ခဲ့ကြကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း(ပ)၁၅၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မေ ၁၉ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မကရင်မ(ခ)မဝင်းဆန်းနှင့် မလုတောင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မခင်သီတာကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု သဲကျွန်းကျေးရွာရှိ "PNPT ကလေးအားကစားကွင်း" အနီးတွင်ဖြစ်ပွားခဲ့သည့် လူသတ်မှု၌ ပါဝင်ပတ်သက်ခဲ့သူများကို သေဒဏ်ကျခံစေရန် တရားရုံးက အမိန့်ချမှတ်

**နေပြည်တော် မေ ၂၂**

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု သဲကျွန်းကျေးရွာရှိ "PNPT ကလေးအားကစားကွင်း"၏ အနောက်ဘက် ပေ ၃၀၀ ခန့်အကွာအဝေးရှိ ယာခင်းလူသွားလမ်းပေါ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က ကျော်ဇင်မိုးသည် ဦးခေါင်းနှင့် မျက်နှာပေါ်တွင် သွေးများထွက်၍ သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် အမှုမှန်ပေါ်ပေါက်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်၍ တရားစွဲတင်ပို့ခဲ့သည်။

**အမိန့်ချမှတ်**

အဆိုပါတရားခံများကို ပျဉ်းမနားခရိုင်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၁၇/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံ ကျော်ဇင်ထက်(ခ)ဗျော့ကြီးနှင့် ဝေဠုကျော်(ခ)ဝေကြီးတို့ နှစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(က)/၃၄ အရ မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန် ပျဉ်းမနားခရိုင်တရားရုံးက ၂၀၂၆ ခုနှစ် မေ ၂၀ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့တွင် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၂

မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့တွင် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံသက်နိုင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁) ၃၈ လမ်းနှင့် ၃၉ လမ်းကြား အောင်သပြေလမ်းနေ သက်နိုင် (၃၆) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၀ ဒသမ ၄၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၆၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းချရာတွင် ပူးပေါင်းပါဝင်သူ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ နေတက်(၂၆)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဘိန်းဆီခဲ ၆ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၆၂ ဒသမ ၅ သိန်း)၊ ဘိန်းစိမ်း နှစ်ကီလို(တစ်ကီလိုလျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် သက်နိုင်နှင့် နေတက်(ဖမ်းဆီးရန်ကျန်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့တူ မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် သတင်းအရ လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက် နယ်မြေ (၁၃)နေ ကျင်ရှောင် (၂၇) နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃ သိန်း)၊ ဘိန်းစိမ်း တစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ခုနစ်သိန်း)နှင့် ဘိန်းဖြူ ၂၆၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၅၂ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ကျင်ရှောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မေ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု ပွဲစားကုန်းလယ်ပြင်ကျေးရွာ အဝင်လမ်းပေါ်တွင် ညောင်ရွှေမြို့နယ် နွားမကျေးရွာနေ ဇော်လွင်ဦး (ခ) အယ်ဇော် (၄၄)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀) ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



## အင်္ဂပူမြို့နယ်၌ တွင်းနက်ဆက်စပ်တူးဖော်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

အင်္ဂပူ မေ ၂၂

အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါ်တော်မူကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် တွင်းနက်ဆက်စပ်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ကျေးရွာရေကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးလက်နေအိမ်ထောင်စု ၄၄ စု၊ လူဦးရေ ၁၆၀ အတွက် သန့်ရှင်းသောသောက်သုံးရေ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ မန်းကျော်(ပြန်/ဆက်)



## ပုသိမ်မြို့၌ အခြေခံမီးသတ်ပညာသင်တန်းဆင်း

ပုသိမ် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ သင်တန်းတွင် မီးလောင်မှုအကြောင်းအရင်းများ၊ မီးသတ်ဆေးဘူးအကြောင်းအရာနှင့် မီးအတန်းအစားခွဲခြားနည်း၊ မီးအတန်းအစားအလိုက် မီးငြိမ်းသတ်နည်းများ၊ ဆီမီးလောင်မှုငြိမ်းသတ်နည်းများ၊ မီးသတ်ကားဖြင့် လက်တွေ့ရေစိုလေ့ကျင့်ခန်း၊ မီးသတ်ဦးစီးဌာန၏ သီအိုရီအကြောင်း၊ စစ်ရေးပြဘာသာရပ်များကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။ မေချို



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောက်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၀ ရက်တွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ နေမျိုးအောင်



ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများသို့ မျိုးစပါးနှင့် သဘာဝမြေဩဇာ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပစဉ်။ ကျော်သူရ(ကော့မှူး)

## အုတ်တွင်းမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

အုတ်တွင်း မေ ၂၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မိုးတွင်းကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့ပေါ်ဈေးရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းတူးဖော်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



### ကြည့်ရှုအားပေး

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအမှုဆောင်အရာရှိဒေါ်သီသီမောင် ဦးဆောင်မှုဖြင့် စည်ပင်သာယာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်း ရေမြောင်းများရှိ နုန်းများ၊ အမှိုက်များနှင့် မြက်ပင်များကို ဆယ်ယူရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြေတူးခြင်း၊ မြေညှိခြင်း လုပ်ငန်းများ၊ မြောင်းပေါင်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**



## ကျောက်မဲမြို့၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ကျောက်မဲ မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ဗဟိုဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါလေ့ကျင့်မှုကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နည်းများနှင့် (191) Application အသုံးပြုနည်းများကို အသိပညာပေးဟောပြောပြီး မီးသတ်ယာဉ် နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရို ဂျင် ဒိုင် အောက် ဆိုက်</th><th>အို ဇုန်း</th><th>ကာဗွန် မို နောက် ဆိုက်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ကျောက်ပန်းတောင်းမြို့နယ်၌ ပျားမွေးမြူရေး အသိပညာပေး သင်တန်းဖွင့်လှစ်

**ကျောက်ပန်းတောင်း မေ ၂၂**

ကျောက်ပန်းတောင်း မြို့နယ် ပျားမွေးမြူရေးဌာနခွဲ မြို့နယ်တာဝန်ခံရုံးကဦးစီး၍ ပျားမွေးမြူရေး ပြည်သူအသိပညာပေး သင်တန်းနှင့် ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်နှင့် အားနည်းချက်/အားသာချက်များ ချပြရှင်းလင်းခြင်းကို မေ ၂၁ ရက် နံနက် ၁၀ နာရီခွဲက လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာ ရွယ်လယ်ဓမ္မာရုံ၌ ပြုလုပ်သည်။



အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်က စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်း ဆက်စပ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တာဝန်ခံဦးသိန်းကိုက ပျားရည်ထုတ်လုပ်ရေး၊ ပျားဖယောင်းထုတ်လုပ်ရေး၊ ပျားဝတ်မှုန်ထုတ်လုပ်ရေး၊ ပျားအုံတိုးပွားရေးနှင့် ပျားဘုရင်မ မွေးမြူရေး၊ ပျားရောဂါ ကာကွယ်/ကုသရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောသည်။ ဖော့ပျားအိမ်၊ ကျွန်းပျားအိမ်၊ အထပ်သားပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်နှင့် အားသာချက်/ အားနည်းချက်များကို ချပြရှင်းလင်း၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည် ဖြေကြားခဲ့သည်။ ယင်းနောက် ခင်းကျင်းပြသထားသည့် ပျားရည်အမျိုးမျိုးနှင့် ပျားမွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများကိုတိုင်းတာဝန်ခံက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ပုသိမ်ကြီး)တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၂ ရက်က ကျင်းပစဉ်။

ဇာနည်ကိုကို(ပြန်/ဆက်)



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပုဏ္ဏမီလမ်းမကြီး၌ ဆောင်ရွက်ခဲ့သည်။

### လက်တွေ့ပြသ

ထိုသို့ဆောင်ရွက်ရာတွင် အသိပညာပေးရွေ့လျားယာဉ်များဖြင့် အသိပညာပေးဆောင်ရွက်ချက်မှတ်တမ်းများပြသခြင်း၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်လျှော့ချရေး၊ စွန့်ပစ်အမှိုက်များကို အမျိုးအစားခွဲ၍ စွန့်ပစ်ခြင်း စသည့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ယာဉ်များတွင် အသိပညာပေးဆောင်ပုဒ်စတေကာများကပ်ပေးခြင်း၊ အမှိုက်လေးမျိုး (အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ) ခွဲခြားစွန့်ပစ်မှုကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

## မော်လမြိုင်မြို့၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

**မော်လမြိုင် မေ ၂၂**

မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို မေ ၂၁ ရက်က မွန်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အသိပညာပေး

ဦးစွာ မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက အမှာစကားပြောကြားသည်။ ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ပြည်နယ်ရုံးခွဲရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမင်းဟိန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ဇော်လင်းတို့က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)






ကံမမြို့နယ်အတွင်း၌လူစီးကူးတို့လှေများတွင် အသက်ကယ်အင်္ကျီဝတ်ဆင်သွားလာရေးစည်းရုံးဆောင်ရွက်ခြင်းနှင့် ကူးတို့လှေများတွင် အသက်ကယ်အင်္ကျီများ ပြည့်စုံစွာထားရှိရေးစစ်ဆေးဆောင်ရွက်ခြင်းကို မေ ၂၂ ရက်က ကံမမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်



မွန်ပြည်နယ် မုဒုံမြို့နယ်၌ ရွှေမာဃရော်ဘာစက်ရုံ၌ မေ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဆန်းညွန့်နှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးကင်းစင်ရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ရာမည(ပြန်/ဆက်)

# ဆီပဲပုပ် - ဟင်းခတ်မှသည် ဆီဖူလုံရေးဆီသို့

နေသူရဇော်(စိုက်ပျိုးရေး)

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံအတွက် စားသုံးဆီဖူလုံရေးက ရွေးချယ်စရာမဟုတ်ဘဲ မဖြစ်မနေ လုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပါလျက်နှင့် နှစ်စဉ် စားသုံးဆီတင်သွင်းမှုအတွက် နိုင်ငံခြားငွေများစွာ အကုန်အကျခံနေရခြင်းမှာ အလွန်နှမြောဖွယ်ကောင်းသော ဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုအတွက် နှစ်စဉ် ကုန်ကျနေရသည့် နိုင်ငံခြားငွေ သန်းပေါင်းများစွာကို ပြည်တွင်း၌ ပြန်လည်ထိန်းသိမ်းပေးနိုင်သောသီးနှံဖြစ်သည့်ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးကြရန် မဖြစ်မနေ လိုအပ်လာပါသည်။

ကျွန်ုပ်တို့သည် ပဲပုပ်ကို စားဖိုဆောင်သုံး ဟင်းခတ်အဆင့်မှသည် နိုင်ငံတော်၏စီးပွားရေးကို မောင်းနှင်ပေးမည့် “ဆီပဲပုပ်” အဖြစ် အသွင်ကူးပြောင်း ရှုမြင်ခြင်းသည်သာ ဆီဖူလုံရေးအတွက် အမှန်ကန်ဆုံးနှင့် အမြန်ဆုံးသောလမ်းစဖြစ်ပါမည်။

ပဲပုပ်ကို စားဖိုဆောင်တိုင်း၏ ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ရှမ်းရိုးရာပဲပုပ်ပြားအဖြစ်လည်းကောင်း ကျွန်ုပ်တို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသည်။ သို့သော် ဤသေးငယ်သော အစေ့အဆန်များထဲတွင် စားရေရိက္ခာဖူလုံမှုနှင့် စီးပွားရေးတည်ငြိမ်မှုကို ပြောင်းလဲပစ်နိုင်သည့် **“မမြင်ရသော စွမ်းအားများ”** ကိန်းအောင်းနေသည်ကိုမူ ကျွန်ုပ်တို့သတိပြုမိရန် နောက်ကျနေခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ပဲပုပ်ကို ယနေ့အချိန်အထိ ဟင်းခတ်အဆင့်၊ ဒေသစာအဆင့်တွင်သာ ထိန်းချုပ်ထားခဲ့ပြီး ယင်း၏ စစ်မှန်သောတန်ဖိုးဖြစ်သည့် “စားသုံးဆီထုတ်လုပ်မှု”ကဏ္ဍကိုမူ လျစ်လျူရှုထားခဲ့ကြပါသည်။

### အရည်ပျော်နေသောရွှေအဖြစ် သတ်မှတ်

ပဲပုပ်ကို စားသုံးဆီလောကတွင် ကျွန်ုပ်တို့ မသိကျိုးကျွန်ပြုထားသော်လည်း ကမ္ဘာ့ဇာတ်ခုံပေါ်တွင်မူ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် တည်ရှိခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။ ကမ္ဘာ့စားသုံးဆီကဏ္ဍတွင် ဆီအုန်း ၃၅ ရာခိုင်နှုန်းခန့်၊ ပဲပုပ်ဆီ ၂၈ ရာခိုင်နှုန်းခန့်၊ မုန်ညင်းဆီ ၁၅ ရာခိုင်နှုန်းခန့်၊ နေကြာဆီ ကိုးရာခိုင်နှုန်းခန့်နှင့် အခြား (မြေပဲ၊ အုန်း၊ သံလွင်၊ နှမ်းဆီများ) ၁၃ ရာခိုင်နှုန်းခန့်ဖြင့် အသီးသီးနေရာယူထားကြရာ ပဲပုပ်သည် ကမ္ဘာတစ်ဝန်းတွင် စားသုံးဆီအတွက် မည်မျှအားကိုးရသည့်သီးနှံဖြစ်ကြောင်း ထင်ရှားလှပါသည်။ ကျွန်ုပ်တို့သည် ပဲပုပ်ကို ဟင်းခတ်အဖြစ်သာမြင်နေချိန်တွင် ကမ္ဘာ့စိုက်ပျိုးရေးအင်အားကြီးနိုင်ငံများသည် ၎င်းကို**အရည်ပျော်နေသောရွှေ**အဖြစ် သတ်မှတ်ကာ စီးပွားရေးအင်အားအဖြစ် တည်ဆောက်ခဲ့ကြပါသည်။

ဘရာဇီးနိုင်ငံက လွန်ခဲ့သော ဆယ်စုနှစ်များတွင် ပဲပုပ်ကို အနည်းငယ်သာ စိုက်ပျိုးခဲ့သော်လည်း ယနေ့အချိန်တွင် ကမ္ဘာ့နံပါတ်(၁) ပဲပုပ်တင်ပို့သူဖြစ်လာပြီး ဘရာဇီးနိုင်ငံအတွက် ပဲပုပ်သည် လယ်ယာထွက်ကုန်တစ်ခုမျှသာ မဟုတ်တော့ဘဲ နိုင်ငံ၏ GDP ကို အဓိက မောင်းနှင်ပေးသည့် အင်ဂျင်ကြီးတစ်ခုဖြစ်လာပါသည်။

အလားတူပင် အာဂျင်တီးနားနိုင်ငံသည်လည်း ပဲပုပ်ကိုကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် ပဲပုပ်ဆီနှင့် ပဲပုပ်ဖတ်အဖြစ် ပြုပြင်ထုတ်လုပ်ကာ ၎င်းတန်ဖိုးမြှင့် (Value-added) ကုန်စည်များဖြင့် ကမ္ဘာ့ဈေးကွက်ကို စိုးမိုးထားသည်။ ကုန်ကြမ်းတင်ပို့ခြင်းထက် ကုန်ချော (ဆီနှင့် ပဲဖတ်) ထုတ်လုပ်သည့်စက်ရုံများကို တည်ထောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ဝင်ငွေပိုမိုရရှိခဲ့ပါသည်။

အထက်ပါ စိုက်ပျိုးရေးအခြေပြုနိုင်ငံများက သတိပေးနိုးဆော်နေသည်မှာ ပဲပုပ်ကို ရိုးရာဟင်းခတ်အမွှေးအကြိုင်အဖြစ်သာ စိုက်ပျိုးမနေဘဲ နိုင်ငံ၏ စားသုံးဆီဖူလုံရေး၊ သွင်းကုန်အစားထိုးရေးနှင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို တစ်ခေတ်ဆန်းစေမည့် သီးနှံတစ်ခုအဖြစ်ရှုမြင်၍ အလေးထား ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ယင်းကို စနစ်တကျနှင့် အပြင်းအထန် အသုံးချနိုင်ခြင်းသည်သာ နိုင်ငံ၏စီးပွားရေးအင်အားကို မြှင့်တင်ပေးမည့်အပြင် စားသုံးဆီဖူလုံမှုအတွက် အခိုင်မာဆုံးသော ကျောရိုးတိုင်ကြီးတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခင်းအကျင်းတွင် စားသုံးဆီသည် သွင်းကုန်ကဏ္ဍ၌ ငွေကြေးအမြောက်အမြား အသုံးပြုနေရပြီး စိုက်ပျိုးရေးနိုင်ငံတစ်ခုအနေဖြင့် မဖြစ်သင့်သည့်အရာလည်း ဖြစ်နေသည်။ နှစ်စဉ် ပြည်ပမှ စားသုံးဆီတန်ချိန် လေးသိန်းမှ ခြောက်သိန်းဝန်းကျင်အထိ တင်သွင်းနေရခြင်းသည် နိုင်ငံတော်၏ အဖိုးတန်လှသော နိုင်ငံခြားငွေများကို ပြည်ပသို့စီးထွက်စေသည့် အဓိကအပေါက်အပြဲတစ်ခုဖြစ်နေရာ **“ဆီပဲပုပ်”** တိုးချဲ့စိုက်ပျိုးခြင်းက ထိုအပေါက်အပြဲကို ပိတ်ဆို့ပေးမည့် အခိုင်မာဆုံးသော ဆည်တံခါးကြီး ဖြစ်လာပါလိမ့်မည်။

ပဲပုပ်သည် အပင်မှရသော “ကုန်းပေါ်မှအသား” ဖြစ်ရုံသာမက မြေဆီလွှာကို ပြန်လည်ကုသပေးသည့် “မြေဩဇာစက်ရုံ”လည်း ဖြစ်သည်။ ယင်းကို ဆီထွက်သီးနှံအဖြစ် အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်ခြင်းသည် စားသုံးဆီဖူလုံရေးအတွက်သာမက မွေးမြူရေးကဏ္ဍနှင့် မြေဆီလွှာရေရှည်တည်တံ့ရေးအတွက်ပါ သော့ချက်ကျသော လုပ်ငန်းစဉ်ဖြစ်သည်။



ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော ပဲပုပ်စိုက်ခင်းများ။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ပဲပုပ်သည် အခြားသီးနှံများထက် ထူးခြားသော ဝိသေသတစ်ခုရှိနေပါသည်။ ယင်းမှာ **နေရာဒေသမရွေး စိုက်ပျိုးနိုင်မှု**ပင်ဖြစ်သည်။ နေပူပြင်းသော အညာဒေသ၏ မြေဆီလွှာမှသည် မိုးများသော ကမ်းရိုးတန်းဒေသများအထိ ပဲပုပ်သည် မိမိကိုယ်ကို ပြုပြင်ပြောင်းလဲရှင်သန်နိုင်သော စွမ်းအားရှိပါသည်။ အထူးသဖြင့် စပါးစိုက်ခင်းများအပြီး သီးထပ်စိုက်ပျိုးရန်အတွက် ပဲပုပ်သည် အကောင်းဆုံးသော ရွေးချယ်စရာတစ်ခုဖြစ်သည်။

ဤသို့ တစ်နိုင်ငံလုံး အနှံ့အပြား စိုက်ပျိုးနိုင်ခြင်းကြောင့် ဒေသအလိုက် ဆီဖူလုံရေးကို အထောက်အကူပြုရုံသာမက သယ်ယူပို့ဆောင်စရိတ် သက်သာစွာဖြင့် ပြည်တွင်းဖြစ် ဆီစစ်စစ်ကို လူတိုင်းလက်လှမ်းမီနိုင်စေမည်ဖြစ်ပါသည်။ ဒေသအလိုက် ဆီကြိတ်စက်ငယ်လေးများမှတစ်ဆင့် ဒေသထွက်ဆီများကို ထုတ်လုပ်လာနိုင်ပါက ကျေးလက်နေပြည်သူများ၏ ဝင်ငွေစီးဆင်းမှု သိသိသာသာ တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါသည်။ ထို့ကြောင့် ဆီပဲပုပ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးရေးသည် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုမျှသာမဟုတ်ဘဲ နိုင်ငံ၏ စားရေရိက္ခာဖူလုံမှု၊ နိုင်ငံခြားငွေတည်ငြိမ်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ပေါင်းစပ်ပေးမည့် ဗျူဟာမြောက် စီးပွားရေးလှုပ်ရှားမှုကြီး ဖြစ်ပေတော့မည်။

### ပြည်တွင်းစီးပွားရေးယန္တရားကို ကိုယ်ပိုင်ကုန်ကြမ်းဖြင့်လည်ပတ်

ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်းသည် လယ်ယာထွက်ကုန်တစ်ခုရရှိရုံမျှမကဘဲ ဆက်စပ် စီးပွားရေးကဏ္ဍအသီးသီးကိုပါ တစ်ပြိုင်နက်တည်း နိုးကြားတက်ကြွလာစေမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဆီပဲပုပ်ကို တိုးချဲ့စိုက်ပျိုးလာနိုင်ခြင်းသည် ရပ်တန့်လုနီးပါးဖြစ်နေသည့် ပြည်တွင်းဆီစက်များကို ပြန်လည်ရှင်သန်လည်ပတ်လာစေမည့်အပြင် စက်ရုံလုပ်သားများမှသည် သယ်ယူပို့ဆောင်ရေးလုပ်သားများအထိ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ ဤသည်မှာ နိုင်ငံခြားငွေယိုစီးမှုကို တားဆီးရုံသာမက ပြည်တွင်းစီးပွားရေးယန္တရားကို ကိုယ်ပိုင်ကုန်ကြမ်းဖြင့် လည်ပတ်စေခြင်းပင်ဖြစ်ပါသည်။

သာမန်အားဖြင့် ပဲပုပ်ကို ဆီအတွက်သာ ရည်ရွယ်သည်ဟုထင်ရသော်လည်း ယင်းမှရရှိသော “ပဲဖတ်” (Soybean Meal) သည် မွေးမြူရေးကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်နေပြန်ပါသည်။ လက်ရှိတွင် ကျွန်ုပ်တို့နိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် တိရစ္ဆာန်အစာများကို ပြည်ပမှ တင်သွင်းနေရခြင်းမှာ အလွန်ပင်နှမြောဖို့ကောင်းလှသည်။ ဆီပဲပုပ်ကို အင်တိုက်အားတိုက် စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေးဟူသည့်ပန်းတိုင်ကို လှမ်းကိုင်နိုင်ရုံမျှမကဘဲ မွေးမြူရေးအစာဖူလုံရေးကိုပါ တစ်ဆက်တည်း ဖြေရှင်းပေးနိုင်သည့် “တစ်ချက်ခုတ် နှစ်ချက်ပြတ်”လမ်းကြောင်းဖြစ်ပါသည်။

ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်လည်း ပဲပုပ်ဆီသည် ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော ဆီများအတွက် အကောင်းဆုံးသော အစားထိုးမှုဖြစ်သည်။ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးနိုင်သည့် အကျိုးပြုဓာတ်များ ပါဝင်ခြင်းကြောင့် ပဲပုပ်ဆီကို စားသုံးခြင်းသည် ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းကိုပါ မြှင့်တင်ပေးရာရောက်သည်။ ထို့ကြောင့် “ဆီပဲပုပ်” စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေရုံတင်မကဘဲ တစ်မျိုးသားလုံး၏ အသက်ရှည် ကျန်းမာခြင်းကိုပါ တည်ဆောက်ပေးနိုင်သည့် ဘက်စုံအကျိုးပြုလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ပို၍ ထူးခြားသောအချက်မှာ ပဲပုပ်သည် စိုက်ပျိုးသူတောင်သူတို့၏ မြေဆီလွှာကို အခမဲ့ပြုပြင်ပေးသည့် “သဘာဝမြေဩဇာစက်ရုံ” ဖြစ်နေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေအများစုမှာ ဓာတ်မြေဩဇာများကို နှစ်ရှည်လများ သုံးစွဲလာမှုကြောင့် မြေဆီလွှာများ မာကျောပျက်စီးပြီး အာဟာရဓာတ် ကုန်ခန်းနေကြပြီဖြစ်ရာ ပဲပုပ်စိုက်ပျိုးခြင်းသည် မြေဆီလွှာကို ပြန်လည်ကုသပေးသည့် ထိရောက်သောကုထုံးတစ်ခုဖြစ်သည်။ ပဲပုပ်ပင်၏အမြစ်များက လေထုထဲမှ နိုက်ထရိုဂျင်ဓာတ်ကို မြေကြီးထဲသို့ ဖမ်းယူဖြည့်တင်းပေးနိုင်စွမ်းရှိသဖြင့် နောက်ဆက်တွဲစိုက်ပျိုးမည့် သီးနှံများအတွက် ဓာတ်မြေဩဇာအသုံးပြုမှုကို သိသိသာသာ လျှော့ချပေးနိုင်သည်။ ယင်းသည် တောင်သူတို့အတွက် စိုက်ပျိုးစရိတ်ကို သက်သာစေရုံသာမက အသားတင်အမြတ်ငွေကို ပိုမိုရရှိစေကာ မြေဆီလွှာကိုပါ ရေရှည်တည်တံ့စေသည့် ဘက်စုံအကျိုးပြုစီးပွားရေးစနစ်သစ်ကို ဖော်ဆောင်ပေးမည်မှာ ဧကန်မလွဲပင်ဖြစ်ပေသည်။

### ဆီထွက်နှုန်းကောင်းပြီး အပင်သက်တမ်းတိုသော မျိုးကောင်းမျိုးသန့်များကိုရွေးချယ်

“ဆီပဲပုပ်” စိုက်ပျိုးရန်အတွက် ခက်ခဲနက်နဲသော နည်းပညာများစွာ မလိုအပ်ဘဲ ရိုးရှင်းစွာဆောင်ရွက်နိုင်ပါသည်။ ဆီထုတ်ရန်အတွက် ရည်ရွယ်၍ လက်ရှိစိုက်ပျိုးနေသော မျိုးများအစား စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ ဆီထွက်နှုန်းကောင်းပြီး အပင်သက်တမ်းတိုသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ကာ မြေကိုထွန်ရေးညက်အောင် ပြင်ပြီးနောက် အစိုဓာတ်ရှိချိန်တွင် တန်းကြား ၁၂ လက်မနှင့် ပင်ကြား လေးလက်မခန့်ထားကာ စနစ်တကျ စိုက်ပျိုးနိုင်ပါသည်။

အထူးသဖြင့် စပါးရိတ်သိမ်းပြီးစ အစိုဓာတ်ဖြင့်ပင် အလွယ်တကူ စိုက်ပျိုးနိုင်ခြင်းမှာ ပဲပုပ်၏အားသာချက်ဖြစ်ပြီး အခြားသီးနှံများကဲ့သို့ အလွန်အမင်းပြုစုရန်မလိုဘဲ အစောပိုင်း ပေါင်းမြက်ရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့်အချိန်တွင် ရေအနည်းငယ်သွင်းပေးရုံဖြင့် အောင်မြင်နိုင်ပါသည်။ ပဲပုပ်သည် အပင်သက်တမ်း တိုတောင်းခြင်းကြောင့် တစ်နှစ်လျှင် သီးနှံနှစ်ကြိမ်၊ သုံးကြိမ်အထိ သီးထပ်စိုက်ပျိုးနိုင်၍ မိမိ၏မြေကွက်ငယ်လေးမှ ဝင်ငွေအမြောက်အမြား ရရှိလာစေမည့်နည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။

> **ပဲပုပ်သည် အပင်မှရသော “ကုန်းပေါ်မှအသား” ဖြစ်ရုံသာမက မြေဆီလွှာကို ပြန်လည်ကုသပေးသည့် “မြေဩဇာစက်ရုံ”လည်းဖြစ်သည်။ ယင်းကို ဆီထွက်သီးနှံအဖြစ် အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်ခြင်းသည် စားသုံးဆီဖူလုံရေးအတွက်သာမက မွေးမြူရေးကဏ္ဍနှင့် မြေဆီလွှာရေရှည်တည်တံ့ရေးအတွက်ပါ သော့ချက်ကျသော လုပ်ငန်းစဉ်ဖြစ်**

ထို့အပြင် ပဲပုပ်စိုက်ပျိုးခြင်းသည် အရင်းအနှီးသက်သာပြီး အကျိုးအမြတ်များပြားသည့် “အလေအလွင့်မရှိသော စီးပွားရေး” (Zero Waste Economy) ကို ဖော်ဆောင်ပေးပါသည်။ အစေ့ကိုဆီကြိတ်ရန် ရောင်းချရုံတင်မကဘဲ အပင်ခြောက်များနှင့် ဘေးထွက်ပစ္စည်းများကို မွေးမြူရေးအစာ သို့မဟုတ် မြေဆွေးအဖြစ် ပြန်လည်အသုံးချနိုင်သဖြင့် စိုက်ပျိုးသူအတွက် မည်သည့်အရာမှ လေလွင့်မှုမရှိသည့် ဘက်စုံအကျိုးအမြတ်ကို ရရှိစေမည်ဖြစ်သည်။ ပဲပုပ်သည် မြေကြီးကို ချစ်မြတ်နိုးသော တောင်သူများအတွက် မြေဆီလွှာကို ကုသပေးရင်း ဝင်ငွေတိုးစေသည့် “ရွှေရောင်အခွင့်အလမ်း” တစ်ခုဖြစ်ရာ စားသုံးဆီဖူလုံရေးအတွက် ဆီပဲပုပ်ကို အလေးထားစိုက်ပျိုးခြင်းဖြင့် မိမိတို့၏ ဘဝကိုမြှင့်တင်ရန် အချိန်တန်ပြီဖြစ်သည်။

နိဂုံးချုပ်ရလျှင် ပဲပုပ်သည် ကျွန်ုပ်တို့အတွက် သာမန်ဟင်းခတ်သီးနှံတစ်ခုမျှသာ မဟုတ်တော့ဘဲ နိုင်ငံ၏ စားသုံးဆီဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သည့် ရတနာသီးနှံဖြစ်သည်။ “ဆီပဲပုပ်” ကို အရှိန်အဟုန်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားမည်ဆိုပါက မကြာမီကာလအတွင်း မြန်မာ့မြေပေါ်မှထွက်ရှိသော ရွှေရောင်ပဲပုပ်စေ့များမှတစ်ဆင့် ပြည်သူများထံသို့ အရည်အသွေးမြင့် ပဲပုပ်ဆီများ စီးဝင်လာပေတော့မည်။ ယခုအချိန်သည် “ဟင်းခတ်မှသည် ဆီထွက်သီးနှံသို့” အသွင်ပြောင်းရန် အချိန်ကောင်းပင်ဖြစ်သည်။ ထိုသို့ ပြောင်းလဲနိုင်ခြင်းသည်ပင်လျှင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသောအနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

○ ၂၀၂၆ မှ
ကိုးသိန်းအားကစားကွင်းတို့၌ ဇုန်(၄)ဇုန်ခွဲ၍ ကျင်းပရာ ဌာနဆိုင်ရာများမှ တာဝန်ရှိများနှင့် အားကစားဝါသနာရှင် ပရိသတ်အင်အား ၄၀၀၀ ကျော် တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

**ယှဉ်ပြိုင်အနိုင်ရရှိ**

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ ကျောဖုံးမှ

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❖ ကမ္ဘာ့ဖလားမှ

မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်ရာ သုံးယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ လေးယောက်တွဲပြိုင်ပွဲတွင် ပူးတွဲကြေးတံဆိပ်ရရှိပြီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ISTAF

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၂၂

၂၀၂၆ ခုနှစ် မေ ၂၂ ရက် ညနေ ၄ နာရီ ၅၆ မိနစ် ၁၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၄ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဒေးဒရဲမြို့၏ မြောက်-အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၉ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ယနေ့ မိုးလေဝသ (၂၃-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရွှေဘိုမြို့၌ အခြေခံငါးမွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်



ရွှေဘို မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ရွှေဘိုမြို့ အောင်ဇေယျ တစ်နိုင်တစ်ပိုင်ငါးသားဖောက်စခန်း၌ မေ ၁၈ ရက် နံနက်ပိုင်းက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ရွှေဘိုငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူများက ရွှေဘိုမြို့နယ်အတွင်းရှိ ငါးမွေးမြူသူ ၂၀ အား စာတွေ့၊ လက်တွေ့ ၃ ရက် သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရေကြည်မြို့နယ်၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာရောင်းချပေး

ရေကြည် မေ ၂၂

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဘုရားငူကျေးရွာအုပ်စုရှိ အိမ်ထောင်စုများအား ယနေ့မွန်းလွဲပိုင်းက စားအုန်းဆီများ သက်သာသော ဈေးနှုန်းဖြင့် သွားရောက်ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းက အိမ်ထောင်တစ်စုလျှင် တစ်ပိဿာငါးဆယ်ကျပ်သားနှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ်၌ ဒေသခံတောင်သူများအား ချေးငွေများပေးအပ်

မင်းဘူး မေ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဒေသခံတောင်သူများအား ချေးငွေများပေးအပ်ပွဲကို မေ ၂၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပေးအပ်**

အခမ်းအနားတွင် မင်းဘူးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်ဦးစီးမှူး ဦးရဲဝင့်နိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ချေးငွေများ ပေးအပ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ် ကဒီးကျေးရွာမှ ဒေသခံတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများဖြင့် တစ်ဦးလျှင်ငွေကျပ်သိန်း ၄၀ နှုန်းဖြင့် စုစုပေါင်း တောင်သူ ၁၀ ဦးအား ငွေကျပ်သိန်း ၄၀၀ ကို သက်သာသော အတိုးနှုန်းထားဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ပေါက်ခေါင်းမြို့နယ်၌ Grade 6 စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်

ပေါက်ခေါင်း မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့် Grade-6 စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ(မြို့နယ်အဆင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အထက(အိုးဘိုကုန်း) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် ပေါက်ခေါင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထူးအောင်တို့က အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြူကြူခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဗဟိုအဆင့်နည်းပြ ဂွမြောင်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြသီတာက သင်တန်းအတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂) ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Bamboo Grove Garden Villas ၊ မြေကွက်အမှတ်(၁၁၃–A) အိမ်အမှတ်(BGV-9) ဧရိယာ(၀.၁၈၁)ဧကရှိသည့်နှစ်(၆၀)မြေငှားဂရန်အမျိုးအစား ဒေါ်ဝင်းလှိုင်လှိုင်ထွန်း(၁၃/လရန(နိုင်)၁၈၃၈၁၃) အမည်ပေါက်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါအိမ်ခြံမြေကွက်ကို နှစ်(၆၀)မြေငှားဂရန်တွင်တရားဝင်အမည်ပေါက်သူ-ဒေါ်ဝင်းလှိုင်လှိုင်ထွန်း ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း။ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် ( LL-B )
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်( LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၇၇၇၇)
Ph-09-4200 73685

အမှတ်(၂၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဒေါ်ပိုးဇာခြည်မင်း[၁၁/ပမန(နိုင်)၀၉၄၃၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် လူမှုကွန်ရက်ဖြစ်သော Facebook၊ အခြားသော Social Media များတွင် Poe Ei Khin အမည်ဖြင့် account ဖွင့်လှစ်အသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေအသုံးပြုလျက်ရှိသော Poe Ei Khin account နှင့် ပတ်သက်၍လည်းကောင်း၊ လူပုဂ္ဂိုလ်နှင့်ပတ်သက်၍လည်းကောင်း၊ Social Media များမှတစ်ဆင့် မဟုတ်မမှန်သတင်းရေးသားဖြန့်ဝေခြင်း၊ လူမှုရေး၊ စီးပွားထိခိုက်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော စာသားများ ရေးသားဖြန့်ဝေခြင်း၊ Post တင်ခြင်း၊ အခြားသူများ အထင်အမြင်လွဲစေမည့် ကိစ္စရပ်များ ပြုမူပြောဆိုခြင်း၊ ကျွန်ုပ်မိတ်ဆွေတင်ထားသော ဓာတ်ပုံများကူးယူ၍ မိမိတို့၏ Social Media account များမှတစ်ဆင့် မဟုတ်မမှန် Post တင်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ မမှန်သတင်းဖြန့်ဝေခြင်း၊ Messenger များမှတစ်ဆင့် မည်သူကိုမဆို မမှန်သတင်းအဖြစ် ရေးသားပြောဆို ဖြန့်ဝေခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့ အများသိစေရန်ကြေညာထားပါလျက် ပြုမူဆောင်ရွက်နေသည်များကို တွေ့ရှိရပါက မည်သူ့ကိုမဆို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ၍ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဝင်းသူ(LL.B) အထက်တန်းရှေ့နေ (စဉ်– ၄၀၇၁၀)**
**အမှတ်(၈၇၈)၊ ရော(၁၅)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ။**
**ဖုန်း–၀၉–၄၅၀၈၄၉၂၄၉**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
### မရမ်းကုန်းခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၃၇

ကွယ်လွန်သူ **ဦးသန်းဦး** ၏ ကျန်ရစ်သောပစ္စည်းအကြောင်း။

**ဒေါ်စုစုလှိုင်** **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃/ဝေဘာဂီမြို့သစ်)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၁၀၅)နေ ဒေါ်စုစုလှိုင်က ကွယ်လွန်သူ ဦးသန်းဦး၏ (၁) ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃/ဝေဘာဂီမြို့သစ်)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၁၀၅)နေ ၎င်းကွယ်လွန်သူ ဦးသန်းဦးမှာ ကျန်ရစ်သောပစ္စည်းများထဲမှရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသန်းဦးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်စုစုလှိုင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသက်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၁၃၇)ဟုခေါ်တွင်သော အလျား(၄၀)ပေ နှင့် အနံ (၃၂)ပေမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁)ဦးရဲဝင်း [၉/မနမ(နိုင်)၀၄၁၇၄၁]၊ (၂)ဒေါ်စန်းစန်းအေး [၁၂/ကတန(နိုင်)၀၆၃၇၇၇]၊ (၃) ဒေါ်အေးမြတ်သူဇာ [၁၂/အစန(နိုင်)၂၂၇၅၉၇]၊ (၄)ဦးတင်လှိုင်ထွန်း [၁၂/ကတန(နိုင်)၀၇၈၉၆၃] ကိုင်ဆောင်သူတို့က ၎င်းတို့ ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရန်နိုင်အောင် [၁၂/ကတန(နိုင်)၁၀၇၈၄၅] ကိုင်ဆောင်သူအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်သူရှိပါက ဤကြေညာစာပါသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာမူရင်းစာရွက်စာတမ်း အထောက်အထားများယူဆောင်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့ရက်ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရန်နိုင်အောင်**
**[၁၂/ကတန(နိုင်)၁၀၇၈၄၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်နိုင်(LL.B) WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၉၈၇)**
**အမှတ်(၁၂/ခ)၊ မင်းကျောင်းလမ်း၊**
**အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၁၂၅၄၅၇**

## ပညာရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်၊ ဝန်ကြီးရုံး၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် Non– Control Item Machinery & Equipment Office Equipment Furniture နှင့် Software ပစ္စည်းများဝယ်ယူရန်အတွက် ၈–၅–၂၀၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် ၉–၅–၂၀၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ကြော်ငြာခဲ့သည့် တင်ဒါပိတ်ရက် ၂၂–၅–၂၀၂၆ ရက်နေ့ (သောကြာနေ့) အား လုပ်ငန်းလိုအပ်ချက်အရ ၇–၆–၂၀၂၆ ရက် (တနင်္ဂနွေနေ့) ၁၆:၃၀ နာရီသို့ ပြင်ဆင်သတ်မှတ်ပါသည်။

**ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစု(အနောက်)ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ တိုက်အမှတ်(၆၂/ဘီ)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ (၇–လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း(၂၅'x၃၅')ရှိ တိုက်ခန်းနှင့် ရေမီတာ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မေသူအောင် [၁၂/စခန(နိုင်)၀၆၄၉၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဆီ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၄၁)**
**အမှတ်(၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–09–794467165**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၈)၊ မြေကွက်အမှတ် (၁၀၁၄)၊ ဧရိယာ(၄၀ x ၆၀)ပေအကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဒေါ်ရွှေမီ [၁၂/ကမရ(နိုင်)၀၄၀၈၆၃] အမည်ပေါက်ဖြစ်ပြီး မြေအမည်ပေါက်ထံမှ ယခုရောင်းသူ ဦးမင်းဇော် [၁၄/ဘကလ(နိုင်)၁၈၆၂၄၅] က အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၁)**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၂**

## “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ (၃၄)လမ်း၊ အမှတ်-(၁၃၅)၊ တတိယထပ်နေ **ဒေါ်သီရိခင် [၁၂/ကတတ(နိုင်)၀၀၄၇၂၂]**၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ **ဒေါက်တာဦးချစ်ကိုကို**သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၈၈ လမ်းထိပ်၊ အမှတ် (၁၆၄)၊ ၂-ခန်းတွဲ၊ ၅-လွှာ(ယာစွန်) တိုက်ခန်းကို ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့ရက်စွဲပါ **“အခန်းပျောက်အရောင်းအဝယ် သဘောတူစာချုပ်”**ဖြင့် **ရောင်းချသူ ဦးဇော်ညွန့်**ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက် ခင်ပွန်းဖြစ်သူ ဒေါက်တာဦးချစ်ကိုကိုသည် (၁-၇-၂၀၁၄)ရက်နေ့၌ ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းဖြစ်သူ ကွယ်လွန်သည့်အချိန်မှစ၍ ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေသည် ခင်ပွန်းအမည်ဖြင့် ဝယ်ယူထားသည့် အဆိုပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိထားသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ချက်အရ**
**ဒေါ်တင်အိခိုင် (LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၃၆၀၁/၃၁-၁-၂၀၁၄)**
**အမှတ် (၆၃)၊ ပထမထပ်၊ သမာဓိ(၄)လမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၁၁၄၅၀၅၃၊ ၀၉–၇၉၆၁၈၉၂၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မြို့ပတ်လမ်း၊ ကွင်း/အကွက်အမှတ်(၂၃၊ ရုံးတော်ကွက်)၊ ဦး ပိုင်အမှတ် (၈ /၁၆၈)၊ မြေကွက်အမှတ် (B–21)ဟုခေါ်တွင်သော ဧရိယာ (၀.၁၁၀) ဧကရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် RPNO(၀၁၆/V/၂၀၁၉ –၂၀၂၀)(၂၁–၂–၂၀၂၃ မှ ၂၀– ၂ –၂၀၅၃ ထိ) အရ ဒေါ်အေးလှိုင်အမည်ဖြင့် ချထားပေးသည့် (၉၀)နှစ်ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဦးအောင်စိုးမိုး [၁၂/ကမရ(နိုင်)၁၁၅၈၀၀၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဆန်သို(စ်)(ခ)ဂဲနစ် [၁/မကန(နိုင်)၁၂၅၇၈၄]နှင့် ဒေါ်အေးစန္ဒာအောင် [၁၄/ကခန(နိုင်)၀၈၈၀၇၄]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးကျော်ဇေယျ (LL.B)**
**(စဉ်–၁၃၁၈၁/၁၇)**

**ဒေါ်နော်ဆည်းဇာ(LL.B )**
**(စဉ် –၁၂၆၃၇/၁၇)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (3/23)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး (ရုံးတော်ရပ်)၊**
**ပဲခူးစုရပ်ကွက်၊ ကျားဘုရားရှေ့၊ သန်လျင်မြို့ ။ Ph:09–43188988, 09–43188857.**

## ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## လျှပ်စစ်လိုင်းသွယ်တန်းခြင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လျှပ်စစ်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အကြောင်းအရာ | အရေအတွက် | ဆောင်ရွက်မည့်နေရာ |
|---|---|---|---|
| က | ဝန်ကြီးရုံး၊ ရုံးအမှတ် (၂) တွင် 11/0.4 KV, 500 KVA Transformer အသစ် ၁ လုံး တည်ဆောက်ခြင်းနှင့် 11 KV ဗို့အားလိုင်း ပေ ၂၅၀ အသစ် တည်ဆောက်ခြင်း လုပ်ငန်း၊ ၄၀၀ ဗို့အားလိုင်း ပေ ၄၀၀ အသစ် တည်ဆောက်ခြင်းလုပ်ငန်း၊ Main Distribution Panel အသစ်နှင့် Change Over အသစ် တပ်ဆင်ခြင်း လုပ်ငန်း၊ Old Main Distribution Panel အား Breaker အသစ်များ လဲလှယ်တပ်ဆင်ခြင်းနှင့် Rectification လုပ်ငန်း။ | ၁ | ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ် (၂)၊ ရာဇဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ – ၂၂– ၅ –၂၀၂၆ (သောကြာနေ့)
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ ၁၀– ၆ –၂၀၂၆ (ဗုဒ္ဓဟူးနေ့)
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ – ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၂) ၊ နေပြည်တော်။
၅။ တင်ဒါတင်သွင်းရမည့်နေရာ – တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ဝန်ကြီးရုံး၊ ရုံးအမှတ်(၂) ၊ နေပြည်တော်။
၆။ တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၂၂– ၆ –၂၀၂၆( တနင်္လာနေ့) မွန်းလွဲ(၂:၀၀) နာရီ
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇–၃၄၀၇၅၇၅၊ ၀၉–၄၄၈ ၀၀၀၀၄၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး**
**ဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၂၈)ရှိ Hall (၆)ထပ်တိုက် ၃–လွှာ (ဒုတိယထပ်)၊ အကျယ်အဝန်း (၂၅ x ၅၀) ပေခန့်ရှိ ရေမီးအစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ မြေရှင် ဦးအင်စိန် [၁၂/စခန(နိုင်)၀၂၅၆၃၄]၊ ဒေါ်မြနွဲ့ [၁၂/စခန(နိုင်)၀၂၆၉၄၅]တို့နှင့် ကန်ထရိုက်တို့ အကျိုးတူဆောက်လုပ်ရာမှ မြေရှင်ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပြီး မြေရှင်ထံမှ ဒေါ်ရှိုးရင်ကြူး [၁၃/လရန(နိုင်)၀၇၆၂၀၃]က စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ရှိုးရင်ကြူးထံမှ အဆိုပါတိုက်ခန်းအား ဦးဘိုဘိုကျော်(ခ)ဦးဇော်ဇော်မိုးကျော် [၁၂/လသန(နိုင်)၀၀၀၉၆၅]က ဝယ်ယူပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ဦးသန်းအောင် [၇/မလန(နိုင်)၀၀၀၂၅၀]၊ ဒေါ်အေးအေးခိုင် [၇/မလန(နိုင်)၀၀၀၂၄၉]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆)လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–799933939, 09–789877799**

## မိဘအမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် Full Moon Private School မှ Grade–3 ဖြေဆိုအောင်မြင်ခဲ့သော မောင်ထူးခန့်မြင့်၏ မိဘအမည်မှန်မှာ ဦးနေမျိုးထွန်း [၉/မလန(နိုင်)၀၉၁၁၄၄] နှင့် ဒေါ်မူမူလှိုင် [၁၁/မအန(နိုင်)၀၃၆၆၉၈]တို့ ဖြစ်ပါကြောင်း၊

**ဦးနေမျိုးထွန်းနှင့်**
**ဒေါ်မူမူလှိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန် (တတိယအဆင့်)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၀/တိုးချဲ့)၊ Block–A ရှိမြေကွက် အမှတ်(၃၅)အား ရှင်သန်စေကုမ္ပဏီ (မှတ်ပုံတင်အမှတ်–၁၁၃၃၇၅၀၂၇) အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## သွေးသည် အသက်

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဂုဏ်ထူးဦးမောင်မောင်(ကိုယ်ပိုင်အထက်တန်းကျောင်း) ယခုပညာသင်နှစ် (၂၀၂၆–၂၀၂၇) (Grade–6)တွင် ပညာသင်ကြားမည့် မချောရတီစံ၏ ဖခင်အမည်မှန်မှာ ဦးဇော် [၇/ကဝန(နိုင်)၁၁၄၇၈၄] ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ဦးရဲထွန်း (ဘ) ဦးမြဟန် [၁၂/တတန(နိုင်)၁၅၈၇၇၅]၊ အမှတ်–မရှိ၊ သပြေကုန်းအရှေ့ကွင်း၊ ဒလမြို့နယ်နေသူသည် ဒလမြို့နယ်၊ ကွင်းအမှတ်–၁၈၇၊ ဦးပိုင်အမှတ်–၄၃ ၊ သပြေကုန်းကွင်း၊ R1 လယ်မြေကို ဦးမြဟန်အမည်ရှိ (၁.၀၂)ဧကထဲမှ (၀.၇၅)ဧကရှိ မြေနှင့် မြေပေါ်ရှိ သောက်သုံးရေကန်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေ၏ မိဘ ဦးမြဟန်၊ ဒေါ်ကြည်မြင့်နှင့် ကျွန်ုပ်မိတ်ဆွေတို့ ယခင်ကတည်းက လက်ရှိလုပ်ကိုင်ပိုင်ဆိုင်ပြီး ယနေ့တိုင် ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လင်းလင်းရွှေစင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၆၈/၂၀၁၃)**
**အမှတ်–၂၇၈၊ ဘုမ္မာ(၈)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၂၅၄၈၉၇၄၇၂**

## ဦးသွင်ထူးဆက် [၁၂/လမန(နိုင်)၁၆၉၀၈၃] သိစေရန်

ဒေါ်တင်မိမိလှိုင်[၁၂/ဗတထ(နိုင်)၀၄၁၅၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ–ဦးသွင်ထူးဆက်[၁၂/လမန(နိုင်)၁၆၉၀၈၃] သည် ဒေါ်တင်မိမိလှိုင်နှင့် (၁၆–၇–၂၀၂၁)ရက်နေ့တွင်တရားဝင် လက်ထပ်ထိမ်းမြားခဲ့ပြီး အတူတကွပေါင်းသင်းနေထိုင်ခဲ့ရာမှ ဇနီးဖြစ်သူအား စွန့်ပစ်ကာ နေအိမ်မှ (၈–၁၀–၂၀၂၅) ရက်နေ့ကတည်းက ဆင်းသွားခဲ့ပြီး ဒေါ်တင်မိမိလှိုင်နှင့် ဖခင်ဖြစ်သူ အပ္ပဒူလ်ရာဟင်(ခ)ဦးမြင့်သန်းတို့ပိုင်ဆိုင်သည့် ရွှေဆွဲကြိုး(၂)ကုံး၊ ရွှေလက်ကောက်(၃)ကွင်း၊ ရွှေလက်စွပ်(၃)ကွင်းနှင့် ငွေသားအချို့အား ခွင့်ပြုချက်မရှိဘဲ ယူဆောင်သွားခဲ့သည့်အတွက် လင်ခန်းမယားခန်း ပြတ်စဲပြီးကြောင်းနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်တင်မိမိလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၃၅)**
**အမှတ်(၇၉)၊ မြေညီထပ်၊ (၃၈)လမ်း အလယ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၄၇၄၀၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၉)၊ မြေကွက်အမှတ် (၂၄၄) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးသိန်းအောင် [၁၂/ဗဟန(နိုင်) ၀၀၄၆၆၃] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ရန်ရွှင်ရှမ်း [၁၃/ကခန(နိုင်) ၀၁၀၁၈၇]မှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ကူးမ [၁၂/အစန(နိုင်) ၀၆၃၃၃၇]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝတ်ရည်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၄၉၉)**
**အမှတ်– ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၆၂၄၇၉၉၆၅**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာ၊ ကွက်သစ်(၃)၊ (၁၁)လမ်း၊ ဦးတင်ရွှေအမည်ဖြင့် ရရှိထားသော မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးအောင်မိုး (ဘ) ဦးခင်ချမ်း [၁၂/စခန(နိုင်) ၀၂၇၉၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းမော် (ဘ) ဦးထွန်းကျင် [၁၂/ဥကတ(နိုင်) ၁၁၂၅၉၀]က (၂၀–၅–၂၀၂၆)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရောက်လက်ဝယ်ရယူထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၅၁၈၅၁၆၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၆

**၁။ ဒေါ်တင်တင်မော်** **နှင့်** **ဦးကြည်ဝင်း**
**၂။ ဒေါ်ခိုင်စုယဉ်**
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဗိုလ်သုန်လမ်း၊ အမှတ်– ၉၂၀ နေ ဦးကြည်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆုထူးပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ–၂၀)
## ကြို့ပင်ကောက်မြို့နယ်တရားရုံးတော်
## ၂၀၂၅–ခုနှစ်၊ တရားမကြီးအမှုအမှတ် – ၁၉

ဘီဂျီမိုက်ခရိုဖိုင်းနန့်မြန်မာကုမ္ပဏီလီမိတက် နှင့် ဒေါ်နန်းမေဇင်ဖူး
(၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ထုတ်လုပ်မှုဆိုင်ရာ
မန်နေဂျာ ဦးကျော်ထက်အောင်)
**(တရားလို)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးသာယာ (၁)ရပ်ကွက်နေ တရားပြိုင် ဒေါ်နန်းမေဇင်ဖူး (ဘ) ဦးစိုင်းထွန်းမြင့်၊ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ထက်အောင်က တရားလိုကုမ္ပဏီပိုင်ငွေကျပ် (၁၁၃၁၀၀၀)ကျပ် (တစ်ဆယ့်တစ်သိန်းသုံးသောင်းတစ်ထောင်ကျပ်) တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါလာ၍ဖြစ်စေ ၂၀၂၆– ခုနှစ် ဇွန်လ (၂)ရက်၊ (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ဟိန်းထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကြို့ပင်ကောက်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ်(၅၂၉)၊ ပန်းဝါကျောကပ်လမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးအချူး**(LPN– ၀၇၁၂၂၀)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ဖြူဖြူခိုင်** [၉/မခန(နိုင်) ၁၆၉၈၂၆]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် **(၁) ဒေါ်မိုးအေး [၁၂/ တမန (နိုင်) ၀၅၈၆၇၉)နှင့် (၂) ဒေါ်မိုးမိုးကြည် [၁၂/တမန(နိုင်) ၀၈၃၈၉၇]** တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးအေးနှင့်ဒေါ်မိုးမိုးကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B)** **ဒေါ်စန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၂၆၈)** **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈၊ ၀၉–၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) နယ်မြေ၊ ကျောက်ရေတွင်းကျေးရွာ အလယ်ပိုင်း၊ (၅)ရပ်ကွက်၊ ဘုရင့်နောင် (၂)လမ်း၊ မြေကွက်အမှတ်(၃၀၁၈)၊ အိမ်အမှတ်(ခ/၁၁၅)၊ အကျယ်အဝန်း (၄၀ပေx ၉၀ပေ) မြေကွက်သည် ဖခင်ဖြစ်သူ ဦးလှကြွယ်အမည်ဖြင့် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ဖခင် ဦးလှကြွယ်နှင့် မိခင်ဖြစ်သူ ဒေါ်ငြိမ်းအေးတို့ အသီးသီး ကွယ်လွန်သွားပြီဖြစ်သောကြောင့် သားသမီးများဖြစ်ကြသည့် (၁) ဒေါ်ရီရီလှ [၁၂/မရက(နိုင်)၀၁၆၀၄၂]၊ (၂) ဦးထွန်းအေး [၁၂/မရက(နိုင်) ၀၈၂၀၁၇]၊ (၃) ဒေါ်ကေသီလှကြွယ် [၁၂/မရက (နိုင်)၀၀၈၃၃၁]၊ (၄) ဦးမျိုးသန့် [၁၂/မရက(နိုင်)၀၀၈၂၄၃]တို့မှ ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဖခင်ဖြစ်သူ၏ အရပ်စာချုပ်ဖြင့် မိမိတို့သာလျှင် လက်ရှိဖြစ်ကာ တရားဝင်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်ရူပါမြင့် (စဉ်– ၁၇၆၆၀ / ၂၁)**
**BA.BM, PGDL**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၈၇)၊ မဏိစည်သူလမ်း၊ (၂၀/၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းခရိုင်၊ ရန်ကုန်မြို့။ ၀၉–၄၂၀၁၁၁၂၂၈**

## လုပ်ငန်းအမှတ်တံဆိပ် အမည်နှင့်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၂) လမ်း၊ အမှတ် (၉၉)နေ ဒေါ်ဇင်မာဝင်း (ဘ) ဦးထွန်းမြင့် [၁၂/ပဇတ(နိုင်)၀၃၃၃၅၉] သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်– ၄/၃၇၉၉ ဖြင့် (၁၃–၅–၂၀၂၆) ရက်နေ့တွင် မှတ်ပုံတင်၍ မြွက်ဟကြေညာခဲ့ပြီးဖြစ်ပါသည်–

**"လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား"**




အထက်တွင် ကပ်နှိပ်ဖော်ပြထားသည့်လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အမျိုးသမီးအဝတ်ထည်အမျိုးမျိုးကို ဖြန့်ချိရောင်းချသွားမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဆိုင်ခန်းများ၊ ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ထုပ်၊ ပလတ်စတစ်ပတ်၊ စက္ကူဘူး၊ ပုလင်း၊ စက္ကူပတ်၊ လက်ဆွဲအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင် အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မိမိမှတ်ပုံတင် အသုံးပြုလျက်ရှိသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အများကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား အသုံးပြုခြင်းများမပြုကြရန် အသိပေးတားမြစ်အပ်ပါသည်။ ထိုသို့လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မည်သူမဆို မှီငြမ်းတုပ၍ ပြုလုပ်သုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဝင်း [၁၂/ပဇတ(နိုင်) ၀၃၃၃၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၂၃၆)**
**အမှတ်– ၄၈၈/ဘီ၊ သုခလမ်း၊ (၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–421032934**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(သကတ)၊ မြေကွက်အမှတ်(၁၂၃၂)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ခိုင်မေတ္တာလမ်း၊ အမှတ်(၁၂၃၂) ဟုခေါ်တွင်သော မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်မာမာဌေး [၁၂/ကမရ(နိုင်)၀၂၇၅၅၁]** အမည်ပေါက်ပြီး ရောင်းသူများဖြစ်သော **ဦးသိန်းစိုး [၁၄/လမန(နိုင်)၀၃၈၄၆၄]၊ ဒေါ်စောမူမူ [၁၄/လမန(နိုင်) ၀၃၈၄၄၅]နှင့် ဒေါ်သန်းသန်းခိုင် (ဘ) ဦးမြသန်း [၁၂/ကမရ(နိုင်)၀၁၀၈၅၇]**တို့မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခင်လေးမို့မို့ (ဘ) ဦးအေးမောင် [၁၄/အမန(နိုင်)၀၀၇၉၁၄]**မှ အပြီးပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ် (၈၂၅/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧက (၁၂၀၀ စတုရန်းပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ရွှေနှင်းဆီ (၃)လမ်းထောင့်၊ အမှတ်(၈၂၅/က) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်စန်းစန်းဌေး [၉/ဝတန(နိုင်)၁၁၈၇၆၉]** အမည်ပေါက်ပြီး ရောင်းသူ **ဒေါ်ရီရီမြင့် [၁/မကန(ဧည့်) ၀၀၁၂၅၃]** ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးသိန်းထွန်း [၉/မခန(နိုင်)၁၃၆၀၂၆]နှင့် ဒေါ်နုနုလွင်(ခ)ဒေါ်နှင်း [၉/မခန(နိုင်)၀၂၉၂၅၆]**တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၁၀ PHASE 2 တက္ကသိုလ်ရိပ်မွန်၊ မြေကွက်အမှတ်– ၂၅၀/၉၉၊ မြေဧရိယာ (၀.၀၇၀)ဧကရှိ ဦးအောင်ဇော်နိုင် အမည်ပေါက် ပါမစ်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ အဓိပတိ (၁)လမ်း၊ အမှတ် (၉၉)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သန်း [၉/မထလ(နိုင်) ၀၀၃၅၈၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်– ၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဗိုလ်မြင့်အောင်လမ်း၊ မြေကွက်အမှတ်(၅၅၂/ခ)၊ အကျယ်အဝန်း (၂၁x၆၀)ပေရှိ ဒေါ်ရီရီထွေး [၁၂/မဂဒ(နိုင်)၀၄၉၉၃၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စိုး [၆/ရဖန(နိုင်) ၀၃၅၄၈၃]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ကိုဟန်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာနီစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၅၈၁ / ၂၂–၁၁–၂၀၁၂)**
**အမှတ်(၅၉၃)၊ ဝေဇယန္တာအနောက်(၁၂)လမ်း၊ ၆/ရပ်ကွက်၊ သာကေတမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးသစ်ဈေးရှိ အောက်ဖော်ပြပါ ဆိုင်ခန်းများမှ (၂) ဦး သဘောတူ အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်း/အရောင်းအဝယ်ပြုလုပ်ကြပြီး အမည်ပြောင်း လျှောက်ထားလာခြင်းအား ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော မှရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| စဉ် | အထပ် | ဆိုင်အမှတ် | မူလအမည် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| ၁ | မြေညီ | ၆၇ | ဒေါ်ချင်ရီ | ဦးအောင်မြတ်မင်း | ၁၂/မဂတ(နိုင်)၀၃၈၈၁၄ |
| ၂ | မြေညီ | ၆၈ | ဒေါ်ချင်ရီ | ဦးအောင်မြတ်မင်း | ၁၂/မဂတ(နိုင်)၀၃၈၈၁၄ |
| ၃ | မြေညီ | ၇၃ | ဒေါ်ချင်ရီ | ဦးအောင်မြတ်မင်း | ၁၂/မဂတ(နိုင်)၀၃၈၈၁၄ |
| ၄ | မြေညီ | ၇၄ | ဒေါ်ချင်ရီ | ဦးအောင်မြတ်မင်း | ၁၂/မဂတ(နိုင်)၀၃၈၈၁၄ |
| ၅ | ပထမ | ၁၂၃ | ဒေါ်သန္တာဝင်း | ဦးအောင်ဆန်းဝင်း | ၁၂/မဂတ(နိုင်)၀၉၉၆၆၃ |
| ၆ | ပထမ | ၁၇၆ | ဒေါ်ခင်နှင်းကြူ | ဒေါ်အိအိနိုင် | ၁၂/သဃက(နိုင်)၁၅၈၃၄၂ |
| ၇ | ပထမ | ၃၂၄ | ဒေါ်ယဉ်မင်းကျော် | ဒေါ်အိအိနိုင် | ၁၂/သဃက(နိုင်)၁၅၈၃၄၂ |
| ၈ | ပထမ | ၃၈၅ | ဒေါ်စန္ဒာလှိုင် | ဒေါ်မင်ရင်ဖုန်း | ၁၃/လရန(နိုင်)၀၀၃၉၃၃ |
| ၉ | ပထမ | ၃၈၆ | ဒေါ်စန္ဒာလှိုင် | ဒေါ်မင်ရင်ဖုန်း | ၁၃/လရန(နိုင်)၀၀၃၉၃၃ |

**ဈေးတာဝန်ခံ၊ မင်္ဂလာဈေးသစ်ဈေး၊ ၀၉–၅၁၇၈၅၄၅**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးဖြဲဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ★

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်) ကြာသပတေးနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/ ၂၀၂၆ ဖြင့် ကြေညာထားပါသည်။

## ယနေ့ ဖတ်စရာ

တာချီလိတ်မြို့ ပန်စလိကျေးရွာနှင့် မြဝတီမြို့ မယ်ထော်သလေးကျေးရွာတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၄

မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့တွင် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်တွင် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ စာမျက်နှာ » ၁၅

# ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက် ပွဲစဉ်တွင် မြန်မာအသင်း ကွာတားဖိုင်နယ်မှထွက်ခဲ့ရ

ရန်ကုန် မေ ၂၂

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက်ပွဲစဉ် ကွာတားဖိုင်နယ် ပွဲစဉ်များကို မေ ၂၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာအသင်းသည် ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စုအဆင့်ပွဲစဉ်များတွင် အိန္ဒိယအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် အိမ်ရှင်မလေးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အရေးနိမ့်သဖြင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖




မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ကျင်းပစဉ်။

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၂၂

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်ကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်ကွင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍